# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၃)ရက် ၊ သောကြာနေ့ ၊ (17-7-2026) ၊ အတွဲ (၁၅) ၊ အမှတ် (၀၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုသိပ္ပံများ ဖွင့်ပွဲအခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သူနာပြုသိပ္ပံ(နေပြည်တော်)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၆ ကော်လံ ၁**

---

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့်ပတ်သက်၍ ထုတ်လုပ်ခွင့်ကို Online E-submission system ဖြင့် လျှောက်ထားနိုင်

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့်ပတ်သက်၍ ပြည်တွင်းထုတ်လုပ်ခွင့်ကို Online E-submission system ဖြင့် (www.fda.gov.mm)မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)ရုံးခွဲမှ သိရသည်။ **စာမျက်နှာ ၂၅ ကော်လံ ၁**




---

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၁၉


**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၂

**ဝါကြိတ်စက်များအား အထူးဈေးငွေ အစီအစဉ်ဖြင့် ရောင်းချပေးမည်**

စာမျက်နှာ - ၂၅

---




## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရတနာပုံ
၂၀၁၆ ခုနှစ် ဇူလိုင် ၁၇ ရက်
အယ်ဒီတာ့အာဘော်

# လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုပပျောက်ရေး

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဓာတ်အားပေးစက်ရုံအသစ်များတည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ၊ မဟာဓာတ်အားခွဲရုံအသစ်များကို တည်ဆောက်ခြင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ခွဲရုံများကိုလည်း အသစ်တိုးချဲ့တည်ဆောက်ခြင်းများဆောင်ရွက်လျက်ရှိပေသည်။

ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန်အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု) များ လျော့နည်းပပျောက်စေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိသည်။ ထို့ပြင် Smart Meter စနစ်သို့ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၁၆ ခုနှစ် ဇူလိုင် ၃၁ ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ထိုသို့အသိပေးလာပါက ဖြေလျှော့ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါကာလ ကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးပန်ကြားထားသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဖွဲ့များဖွဲ့စည်း၍ မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်ခဲ့ရာ ရက် ၁၀၀ စီမံချက်ကာလအတွင်း စုစုပေါင်းတရားမဝင်ဓာတ်အားခိုးယူသုံးစွဲမှုအရေအတွက် ၃၄၀ မှ ယူနစ်စုစုပေါင်း ၇ သန်း ၇ သိန်းကျော် အလွဲသုံးစားပြုလုပ်ခဲ့မှုများကို စိစစ်တွေ့ရှိခဲ့သည်။ ထိုသို့ ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းသည် နိုင်ငံတော်၏စီးပွားရေးကို ထိခိုက်စေပြီး တရားမဝင်ဓာတ်အားသွယ်တန်းရယူသုံးစွဲမှုများကြောင့် မီးလောင်မှုအန္တရာယ်နှင့် လူတို့၏အသက်အန္တရာယ်ကိုပါ ကြုံတွေ့နိုင်သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် တရားမဝင်ဓာတ်အားခိုးယူသုံးစွဲမှုများကို ရှောင်ကြဉ်ကြရန်လိုသကဲ့သို့ ပြည်သူများအနေဖြင့်လည်း သတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၈၂၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ခင်ဦး ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၈၂၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၂၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ရုံးပတီ၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



မအူပင် ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလဲထိုး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း ငါးသလဲထိုးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုးတစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ မအူပင်မြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဇွန်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေတာပါ"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ တင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် နတ်ကန်(ရ)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဝမ်းတွင်း ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နတ်ကန်(ရ)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက စီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်း မူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကျေးရွာလူထု၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာလူထု ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၂၂၄၃ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လူးကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၂ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၆၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ချမ်းအေးသာစံမြို့နယ် အမှတ်(၁၀)အ-လ-ကကျောင်း၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၀) အခြေခံပညာအလယ်တန်းကျောင်း၌ အနာဂတ်ကာလတွင် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၀)အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၁၀)အခြေခံပညာ အလယ်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဝင်းထွေးက အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်များနှင့်သက်ဆိုင်သည့်အကြောင်းအရာများ၊ လူငယ်များ၏ဘဝတက်လမ်းကို ပျက်စီးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းအရာများနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ပြောကြားခဲ့သည်။

အဆိုပါလူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၀၀၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုလဲ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၁၀၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ဖူးစားပြောင်းဧက ၁၁၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့ အသိပညာပေး ဆောင်ရွက်နေပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာ အသုံးပြုရေး နည်းပညာသင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်ငမြောင်းတောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# အမရပူရမြို့နယ် ယာဉ်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယာဉ်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇူလိုင် ၁၆**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ပဲတီစိမ်းအပါအဝင် ပဲအမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ပြီးခဲ့တဲ့လအတွင်း ရန်ကုန်ဈေးကွက်ကို ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ပဲတီစိမ်းတွေ ဝယ်ယူအားကောင်းလာတော့ ပဲတီစိမ်းစိုက်တဲ့တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ရေကြည်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၉၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ပဲတီစိမ်း စိုက်တောင်သူများ၊ ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ရေကြည်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေးအတွက် လှုံ့ဆော်ပေးနေတဲ့ အာဇာနည်နေ့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်"
"၇၉ နှစ်မြောက် အာဇာနည်နေ့"
"သေသူကို ရှင်သူတွေက တကြိရသည့်နေ့"
"အာဇာနည်နေ့ တို့မမေ့"
"၁၉ ဇူလိုင် မမေ့နိုင်"

သည်အချိန်ရောက်လာလျှင် တေးရေး ဂီတာ တင်အုန်း၊ အဆိုတော်ကြီး(ဒေါ်)မေလှမြိုင် သီဆိုခဲ့သည့် "အလေးပြုပါသည်" အာဇာနည်နေ့ကို ဂုဏ်ပြုညွှန်းဆိုထားသည့် တေးသီချင်း တစ်ပိုင်းတစ်စကို ပြန်လည်ကြားယောင်နေကြလေ့ရှိသည်။

"နှစ် လ နာရီ... ခါရာသီရွေ့ပေမဲ့ အာဇာနည်နေ့ကိုတော့ မမေ့သင့်ပါသလေ... ယနေ့ဖြင့် သတိတရားထားဖို့အခြေ... အများပြည်သူတွေ...အများပြည်သူတွေ...အာဇာနည်နေ့ကိုလေ...တွေးရှုကာပဲ...အလေးပြုပါသလေ..."

ထိုသီချင်းကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားမှ လွှင့်လေတိုင်း နားဆင်ကြားရသူတွေ မျက်ရည်ဝေကြလေ့ရှိသည်။

"မိုးက စိုစို ကျီးအုပ်ပြို၍
ထိုမှ၍မှ ထိုလမ်းမတွင်
ပျံကြဝဲကြ ငရဲထသို့
အုံကြွမြည်အာ မသာယာကို
ငါကြားခဲ့ မှတ်မိလေ၏"

"အမျိုးသားစာဆို ဆရာဇော်ဂျီ" ကလည်း ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်(စနေနေ့) နံနက် ၁၀နာရီ ၃၇ မိနစ်အချိန် မိုးအုံ့ပြီး မိုးဖွဲဖွဲရွာနေစဉ် ဗိုလ်ချုပ်တို့ လုပ်ကြံခံရပုံကိုဖွဲ့ဆိုခဲ့ရာ ရင်နင့်ကြေကွဲစွာ ခံစားခဲ့ကြရသည်။ ယနေ့တိုင်လည်း ရင်နင့်ကြေကွဲစွာ ခံစားနေကြရသည်။ အာဇာနည်ကြီးများကို လေးစားတန်ဖိုးထားကြသူတိုင်း မျက်ရည်ဝိုင်းကြရပြီး သံဝေဂများစွာ ရနေကြလေ့ရှိသည်။

နိုင်ငံလွတ်လပ်ရေး ရရှိရေးအတွက် စွန့်လွှတ်စွန့်စားမှုများစွာဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့သော လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း "ငါ့မှာ ရန်သူမရှိ ငါ့ကို ပြည်သူက ချစ်တယ်"ဟု ရိုးသားစွာ ယုံကြည်နေခဲ့ရှာသော၊ အလွန်ပင် ရိုးသားဖြူစင်လှသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများကို နယ်ချဲ့လက်ပါးစေ၊ အာဏာရူး ကိုယ်ကျိုးရှာ လက်တစ်ဆုပ်စာ မသမာသူလူယုတ်မာများ၏ ရက်စက်ရမ်းကား မိုက်ရိုင်းလွန်းစွာ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရခြင်းသည် မြန်မာ့လွတ်လမ်းရေးတိုက်ပွဲစဉ်သမိုင်းတွင် သမိုင်းပေးသင်ခန်းစာ သံဝေဂရစရာအဖြစ် သားစဉ်မြေးဆက် လက်ဆင့်ကမ်းသွားကြရပေတော့မည်။

ထို့ကြောင့် နှစ်စဉ် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ကာ "နိုင်ငံတော်၏လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အာဇာနည်နေ့ကပေးသော တိုင်းရင်းသားသွေးစည်းညီညွတ်ရေးသတိ၊ နိုင်ငံနှင့်လူမျိုးကို သစ္စာရှိရေးအသိ၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ နိုးကြားတက်ကြွစွာ ရှင်သန်နေကြစေရေး အသိသတိများကို" အစဉ်ထာဝရ ပွားများ ရှင်သန်နေကြစေရန် ရည်သန်ပြီး လှုံ့ဆော်သမှုပြုနေခြင်းဖြစ်သည်။

ယခု ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားများကျင်းပနိုင်ကြစေရေးအတွက် နိုင်ငံတော်အဆင့် အပါအဝင် နယ်ပယ်အသီးသီးတွင် ကြိုတင်ပြင်ဆင်မှုများ၊ အာဇာနည်နေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ အကြိုဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများကို ကျင်းပနေကြသည်။

မြန်မာ့အသံမှတစ်ဆင့် အမျိုးသားစာပေဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများကလည်း နှစ်စဉ်မပျက် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ၊ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝက အသက်၊ သွေး၊ ချွေးများ စတေးပြီးမှ လွတ်လပ်ရေးရယူခဲ့ကြပုံ၊ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲကြရင်းက ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ နယ်ချဲ့၏လက်ပါးစေ၊ အမျိုးသားသစ္စာဖောက် လောက်ကောင်များ၏ ယုတ်မာညစ်ပတ်စွာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ကြရပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိသမျှ ကာလပတ်လုံး ပြည်တွင်းငြိမ်းချမ်းရေး ဆုံးရှုံးရပုံများကို ကိုယ်တွေ့၊ စာတွေ့ အတွေ့အကြုံအဖုံဖုံနှင့်တကွ မျှဝေပေးနေခဲ့ကြသည်။

စွာဖြင့် ပါဝင်ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်ဦးပိုင်းတွင် ဆရာတော်ဦးဥတ္တမနှင့် ဦးဝိစာရတို့သည် နယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာမှုများ၊ သွေးစုပ်အုပ်ချုပ်မှုများ၊ အဓမ္မဆန်မှုများကို ထောင်ဒဏ်အကျခံပြီး ရဲရဲတောက်ဟောပြောလှုံ့ဆော်ခဲ့ကြရာ နယ်ချဲ့ဆန့်ကျင်ရေး အရှိန်အဟုန်များမြင့်မားလာခဲ့ကြသည်။

ထို့ပြင် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်က စတင်ဆင်နွှဲခဲ့ကြသော ရန်ကုန်တက္ကသိုလ် ပထမကျောင်းသားသပိတ်၊ ၁၉၃၆ ခုနှစ်က ဆင်နွှဲခဲ့ကြသော ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်၊

**❖ မျိုးဆက်သစ်လူငယ်များက အာဇာနည်ကြီးများ၏ ကျေးဇူးတရားကို သိသင့်ကြသလို လူငယ်၊ လူရွယ်၊ လူကြီးများကလည်း အာဇာနည်ကြီးများနှင့်တကွ လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးများဖြင့် စတေးခဲ့ကြသော နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲဝင် တိုင်းရင်းသားလူမျိုးများကို ရိုသေလေးစားတန်ဖိုးထားကြပြီး ၎င်းတို့၏ ကျေးဇူးတရားများကို တုံ့ပြန်သောအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကထားကြကာ နိုင်ငံတော်အဓွန့်ရှည် တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းထမ်းရွက်ကြစေချင်ကြောင်း လှုံ့ဆော်သမှုပြုလိုက်ရပါသည်။ ❖**

မြန်မာ နိုင်ငံသည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆)၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂-၁၈၅၃)၊ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ (၁၈၈၅) စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ "ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်းနောင်၊ ကုန်းဘောင် ဆယ့်တစ်ဆက်"ထိ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ဂုဏ်ဝင့်တင့်တယ်စွာ၊ ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့သည်။ ကိုလိုနီနိုင်ငံအဖြစ် နှစ်ပေါင်း ၁၀၀ ကျော် ခံစားခဲ့ကြရသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများသည် နယ်ချဲ့တို့၏ ကျွန်သဘောက်ဘဝဖြင့် လောကီငရဲမျိုးစုံကို ခံစားခဲ့ကြရသည်။ နယ်ချဲ့တို့က ပြည်နယ်၊ ပြည်မ၊ လူမျိုးကြီးငယ်ကို အကြောင်းပြကာ သွေးခွဲ၍ အုပ်ချုပ်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က နယ်ချဲ့တို့ကို ရရာလက်နက်ဆွဲကိုင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ထိုသို့တိုက်ခိုက်ခဲ့ကြရာတွင် အချို့ကိုတင်ပြရလျှင် ချင်းပြည်နယ်မှ ရွှေဂျိုးဖြူမင်းသား၊ ဗိုလ်ခိုင်ကမ်းနှင့် ကွမ်ဘိခ်၊ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါးနှင့် ဗိုလ်စော၊ ရှမ်းပြည်နယ်မှ လင်းပင်မင်းသားနှင့် ရှမ်းစော်ဘွားများ၊ ဝန်းသိုစော်ဘွားဦးအောင်မြတ်၊ မြန်မာပြည်အထက်ပိုင်းမှ ဗိုလ်ချို၊ ဗိုလ်တွန်၊ ဗိုလ်မြတ်ထွန်း၊ ဗိုလ်မင်းရောင်နှင့် မျိုးချစ်ခေါင်းဆောင်များ ပါဝင်ခဲ့ကြသည်။

သူ့ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံက ရရာလက်နက်ဆွဲကိုင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ကြရာတွင် မျိုးချစ်အာဇာနည် ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များကလည်း ဇာတိသွေး၊ ဇာတိမာန် ထက်သန်

၁၉၃၈ ခုနှစ်တွင် ဆင်နွှဲခဲ့ကြသော ရန်ကုန် တက္ကသိုလ် တတိယကျောင်းသားသပိတ်ဟူ၍ ကျောင်းသားသပိတ် သုံးကြိမ်ဆင်နွှဲခဲ့ကြသောကြောင့်လည်း နယ်ချဲ့ဆန့်ကျင်ရေး လူငယ်ခေါင်းဆောင်များ ပေါ်ထွက်လာခဲ့ကြသည်။

ဆရာစံခေါင်းဆောင်ခဲ့သော တောင်သူလယ်သမားအရေးတော်ပုံ၊ သခင်ဖိုးလှကြီးခေါင်းဆောင်သော အလုပ်သမားသပိတ်ကြီး၊ သခင်ဘသောင်းဦးဆောင်သော တို့ဗမာအစည်းအရုံးနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများကြောင့် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည့် မျိုးချစ်အာဇာနည်များ ပေါ်ထွက်လာခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ "အင်္ဂလိပ်အခက် ဗမာအချက်"ဟူသော ကြွေးကြော်သံများဖြင့် "သခင်အောင်ဆန်း"ခေါင်းဆောင်သော လူငယ်များသည် ဂျပန်နိုင်ငံသို့သွားရောက်ကာ စစ်ပညာများ သင်ကြားခဲ့ကြသည်။ စစ်ပညာများသင်ကြားခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်သည် ထိုင်းနိုင်ငံတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA)ဖွဲ့စည်းပြီး လက်မောင်းသွေးကို ဖောက်ခဲ့ကြကာ သစ္စာရေသောက်ခဲ့ကြသည်။

ဂျပန်များ၏အကူအညီများဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဂျပန်တို့က မြန်မာတို့ကို ရွှေရည်စိမ်လွတ်လပ်ရေးကိုသာပေးခဲ့ကာ ရက်စက်လွန်းစွာ ညှဉ်းပန်းအုပ်ချုပ်ခဲ့ကြသည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မဟာမိတ်တို့နှင့်ပူးပေါင်းကာ ဖက်ဆစ်ဂျပန်များကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ထိုသို့တွန်းလှန် တိုက်ထုတ်ခဲ့ကြသည့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်ကို "တော်လှန်ရေးနေ့" အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၅၅ ခုနှစ် မတ် ၂၇ ရက်မှစ၍ "တပ်မတော်နေ့" အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာကြသောအခါ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံးသည် နယ်ချဲ့လက်အောက်မှလွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှတို့ကလည်း မလွှဲရှောင်သာ၍ လွတ်လပ်ရေးပေးရသည့်တိုင်အောင် တောင်တန်းဒေသများကို မပေးလိုသည့်အတွက် ပြည်မနှင့်ပြည်နယ်၊ မြေပြန့်နှင့် တောင်တန်းဒေသကို နည်းမျိုးစုံဖြင့် သွေးခွဲခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောအဖွဲ့ လန်ဒန်တွင် အောင်ဆန်းအက်တလီစာချုပ်ချုပ်ဆိုခါနီးထိ လုပ်ကြံသွေးခွဲခဲ့သည်။ ဗိုလ်ချုပ်ကို ရှမ်းပြည်နယ်၏ ကိုယ်စားပြုသူမဟုတ်ဟု ပုတ်ခတ်ခဲ့သော်လည်း လွတ်လပ်ရေးကိုအလိုရှိသော တိုင်းရင်းသားများက ထောက်ခံကြပါမှ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည်။

တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရမည်ဟု ဝန်ခံကတိပါသော အောင်ဆန်းအက်တလီစာချုပ်သည် လွတ်လပ်ရေးရရှိရေးအတွက် သော့ချက်တစ်ခုပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်မှ ပြန်လာပြီးနောက် အခက်အခဲပေါင်းများစွာကြားမှ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်အောင် ကြိုးစားခဲ့သည်။

နယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်ရန် ကြံရွယ်မှုကို အချိန်မီ တားဆီးနိုင်ရေးအတွက် ပြည်မနှင့်ပြည်နယ်များ သွေးစည်းပေါင်းစည်း ညီညွတ်နေကြောင်း သက်သေထူသည့်အနေဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

ထိုပင်လုံစာချုပ်တွင် ဗမာကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ကချင်ကိုယ်စားလှယ် ငါးဦး၊ ချင်းကိုယ်စားလှယ် သုံးဦး၊ ရှမ်းကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်းကိုယ်စားလှယ် ၂၃ ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ သမိုင်းဝင် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီ ၁၂ ရက်ကိုလည်း "ပြည်ထောင်စုနေ့"အဖြစ် သတ်မှတ်ခဲ့သည်။

ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်လိုက်သောအခါ နယ်ချဲ့တို့ တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားရေးလှုပ်ရှားမှုများတွင် တစ်ဗိုလ်တက်၊ တစ်ဗိုလ်ဆင်း၊ သားစဉ်မြေးဆက်၊ စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးရခါနီးမှ နယ်ချဲ့တို့၏လက်ပါးစေ၊ လူမျိုးသစ္စာဖောက်တစ်စု၏ ယုတ်မာလုပ်ကြံမှုကြောင့် နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်သွားကြရသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်

"ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကိုးဦးကို လူယုတ်မာ၊ အမျိုးသားသစ္စာဖောက် ကိုးဦးကလုပ်ကြံသတ်ဖြတ်လို့ သေဆုံးကြရတဲ့နေ့"မှာ အာဇာနည်နေ့အဖြစ် သမိုင်းတွင်နေခဲ့သည်။

အာဇာနည်ကိုးဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြသော လူသတ်တရားခံကိုးဦးမှာ ဂဠုန်ဦးစော၊ မောင်စိုး၊ သက်နှင်း၊ စိန်ကြီး(ခ)မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့်မှုံကြီးတို့ ဖြစ်သည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၄၇၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၄၇၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစုံကို ၁၄၀၃၄၅ ကေစိုက်ပျိုးရန်လျာထားပြီး အဆိုပါ သီးနှံစုံစိုက်ပျိုးခြင်းကို မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ၂၂၅၁ ကေ၊ နှံစားပြောင်း ၅၂ ကေ၊ ပဲမျိုးစုံသီးနှံကေ ၁၃၄၂၀၊ ဆီထွက်သီးနှံစုံ ၂၈၅၅၆ ကေ၊ ချည်မျှင်ရှည် ဝါ ၁၃၉၆ ကေ၊ ကြံရှစ်ကေနှင့် အခြား သီးနှံ ၉၁၀၉ ကေ စုစုပေါင်း သီးနှံစုံ ၅၄၇၉၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၄၀၃၄၅ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ သီးနှံစုံ ၅၄၇၉၂ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

သီးနှံစုံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သောကြောင့်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

á စာမျက်နှာ ၄ မှအဆက်

ထိုလူသတ်တရားခံကိုးဦးအနက် ပုဆိန်ရိုးလောက်ကောင် ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုံကြီးတို့ကို အင်းစိန်ထောင်တွင်လည်းကောင်း၊ စိန်ကြီး(ခ)မောင်စိန်နှင့် ရန်ကြီးအောင်ကို ရန်ကုန်ထောင်တွင်လည်းကောင်း ကြိုးစင်တင်၍ တစ်ပြိုင်တည်း ကြိုးပေးသတ်ခဲ့ကြသည်။ ခင်မောင်ရင်၊ မောင်နီနှင့် သုခတို့မှာမူ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျသွားခဲ့ကြသည်။

နှစ်စဉ် အာဇာနည်နေ့သို့ရောက်တိုင်း နိုင်ငံတော်အလံကို တစ်ဝက်လွှင့်ထူကြကာ၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် အလေးပြုကြခြင်း၊ နေရာဌာနအလိုက် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် လွမ်းသူ့ပန်းခွေများချကြကာ အလေးပြုကြခြင်း၊ အာဇာနည်ကြီးများကို ရည်စူး၍ ဆွမ်းကပ်ဒါနပြု အမျှဝေကြခြင်း၊ အာဇာနည်ကြီးများကျဆုံးချိန် နံနက် ၁၀နာရီ ၃၇ မိနစ်တွင် ဥဩများဆွဲ၍ အလေးပြုကြခြင်း၊ မတ်တတ်ရပ်၍ အလေးပြုခြင်းများဖြင့် အာဇာနည်ကြီးများကို ဂုဏ်ပြုခဲ့ကြသည်။

ထို့ပြင် အာဇာနည်နေ့ဝန်းကျင်တွင် အာဇာနည်နေ့အကြောင်း ဟောပြောပွဲများ၊ ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပြပွဲပြိုင်ပွဲများကိုလည်း ကျင်းပကြလေ့ရှိသည်။

အာဇာနည်ကုန်းရှိသော ရန်ကုန်မြို့တွင်မူ နိုင်ငံတော်အဆင့် အာဇာနည်နေ့ကျင်းပပြီး လွမ်းသူ့ပန်းခွေ ချကြသော အာဇာနည်ကြီးများ၏ မိသားစုဝင်များ၊ အဖွဲ့အစည်းများနှင့် လာရောက်အလေးပြုကြသူများကို အာဇာနည်နေ့အတ္ထုပ္ပတ္တိစာအုပ်ငယ်လေးများ ဖြန့်ဝေပေးလေ့ရှိကြသည်။

အာဇာနည်နေ့၏ အနှစ်သာရနှင့် အာဇာနည်နေ့ကပေးသော သမိုင်းပေးသင်ခန်းစာများကို မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်ကြစေရေးအတွက် လူကြီး၊ မိဘ၊ ဆရာသမားများက လမ်းညွှန်ရှင်းပြပေးသင့်သည်။

ကာတွန်းဆရာတစ်ဦးက အာဇာနည်နေ့နှင့်ပတ်သက်၍ သရော်လှောင်ပြောင်ထားရာ စာရေးသူရင်ထဲတွင် စွဲထင်နေသည်။ ကာတွန်းထဲတွင် တပည့်က ဆရာမကို အာဇာနည်နေ့အကြောင်းမေးရာ ဆရာမက မိဘများကိုမေးဟုဖြေသည်။ ထို့ကြောင့် တပည့်က သူ့ဖခင်ကိုမေးပြန်ရာ ကျောင်းက ဆရာမကိုမေးဟု ပြန်လည်ဖြေကြားသည်။ ဆိုလိုသည်မှာ ဆရာမရော၊ မိဘများပါ အာဇာနည်နေ့အကြောင်း ဂဃနဏ မသိကြသောကြောင့် ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ ခေါင်းရှောင်နေကြခြင်းသဘောပင်ဖြစ်သည်။ မြန်မာလူမျိုးမှန်လျှင် ကျေးဇူးရှင် အာဇာနည်ကြီးများနှင့် အာဇာနည်နေ့အကြောင်း ကောင်းကောင်းသိထားသင့်ကြသည်။ ယခုခေတ်ကာလတွင် အာဇာနည်နေ့အကြောင်း ဂဃနဏ မသိသူများ များစွာရှိနေကြသည်။ ရှက်ဖွယ်ကောင်းလေစွ။

မျိုးဆက်သစ်လူငယ်များက အာဇာနည်ကြီးများ၏ ကျေးဇူးတရားကို သိသင့်ကြသလို လူငယ်၊ လူရွယ်၊ လူကြီးများကလည်း အာဇာနည်ကြီးများနှင့်တကွ လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးများဖြင့် စတေးခဲ့ကြသော နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲဝင်တိုင်းရင်းသားလူမျိုးများကို ရိုသေလေးစားတန်ဖိုးထားကြပြီး ၎င်းတို့၏ကျေးဇူးတရားများကို တုံ့ပြန်သောအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကထားကြကာ နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းထမ်းရွက်ကြစေချင်ကြောင်း လှုံ့ဆော်သမှုပြုလိုက်ရပါသည်။

## အာဇာနည်နေ့ တို့မမေ့လျှင်

\- ဥတုရာသီ တစ်ပတ်လည်၍
တစ်လီမှန်စွာ ဝသန်ခါသို့
ပြန်ကာရောက်ခဲ့ပါလေပြီ။

\- ဝသန်ဦးမှာ အတိတ်ခါက
မြန်မာပြည်မြတ် စဉ်လွတ်လပ်ဖို့
အကျပ်အတည်း ရင်ဆိုင်နွှဲရင်း
ဝဲဂယက်မှာ တက်ကျိုးပါသို့
ငါတို့ ဥသျှောင် ပြည့်ခေါင်းဆောင်တို့
မရှောင်လွှဲသာ ကျဆုံးရှာသည်
အာဇာနည်မျိုး မော်ကွန်းထိုးခဲ့။

\- နယ်ချဲ့စေရာ အပေါင်းပါတို့
မြန်မာလူမျိုး ဂုဏ်ပျက်ညှိုးအောင်
ခြေထိုးလုပ်ကြံ အကောက်ဉာဏ်ဖြင့်
ဖန်တီးကွက်ချ ပက်စက်လှလည်း
မကျရှုံးရစ် စိတ်မျိုးချစ်ကား
အမြစ်တွယ်ကျန် ခရီးမှန်သို့
ကေန်ပိုင်ပိုင် ဆက်လှမ်းနိုင်၍
နိုင်ငံလွတ်လပ်ခဲ့ပါသည်။

\- ယခုအခါ တို့ပြည်သာဖို့
ဝိုင်းကာကြိုးပမ်း လျှောက်သည့်လမ်းဝယ်
စိတ်ဝမ်းမကွဲ ချစ်ကြည်မြဲမှ
လှမ်းဆဲခရီး ပန်းတိုင်နီးမည်
ရေးကြီးချိန်ခါ သွေးနီးပါ၍
ရလာထွတ်မြတ် ခွင့်လွတ်လပ်ကို
ထိန်းတတ်စဉ်ဆက် တွဲချီတက်မှ
သက်ပေးဆက်သွား ဇာနည်များကို
လေးစားရာရောက် ချစ်ရာရောက်မည်
တွေးထောက်ရှေးချင့် လမ်းမှန်ခွင့်။
အာဇာနည်နေ့ မမေ့သင့်။ ။

**ညွှန့်ဝင်း(နတ်တလင်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယခုနှစ်အတွင်း အမေရိကန်နိုင်ငံထက် တရုတ်နိုင်ငံကို အကောင်းမြင်သူ ပိုများလာ

**နယူးယောက် ဇူလိုင် ၁၆**

အမေရိကန်နိုင်ငံ ဝါရှင်တန် အခြေစိုက် ပျူးသုတေသန ဗဟိုဌာနကပြုလုပ်ခဲ့သည့် လူထုသဘောထား စစ်တမ်းကောက်ခံချက်ရလဒ်များအရ ယခုနှစ်အတွင်း အမေရိကန်နိုင်ငံထက် တရုတ်နိုင်ငံကို အကောင်းမြင်သူ ပိုများလာကြောင်း ဇူလိုင် ၁၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပျူးသုတေသန ဗဟိုဌာနသည် နိုင်ငံနှင့် ဒေသ ၃၆ ခုတို့၌ လူထုသဘောထားစစ်တမ်းကောက်ခံမှု ပြုလုပ်ခဲ့ရာ ထိုနိုင်ငံနှင့် ဒေသ ၃၆ ခုအနက် ၂၅ ခုတို့မှာ အမေရိကန်နိုင်ငံထက် တရုတ်နိုင်ငံကို အကောင်းမြင်သူ ပိုများလာကြောင်း သိရသည်။

ပျူးသုတေသန ဗဟိုဌာနက ပြုလုပ်ခဲ့သော နိုင်ငံနှင့် ဒေသများထဲတွင် ကနေဒါ၊ မက္ကဆီကို၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်စသည့် နိုင်ငံများလည်း ပါဝင်သည်။

ပျူးသုတေသန ဗဟိုဌာနသည် အဆိုပါ လူထုသဘောထား စစ်တမ်းကောက်ခံချက်ကို အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေသည့် ဖေဖော်ဝါရီလနှင့် မေလတို့ကြား ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဟော်မုဇ်ရေလက်ကြားဖြတ်သင်္ဘောများ၌ အိန္ဒိယသင်္ဘောသားများကို အလုပ်မပေးရန် အိန္ဒိယအစိုးရညွှန်ကြား



**ဒေလီ ဇူလိုင် ၁၆**

ဟော်မုဇ် ရေလက်ကြားကို ဖြတ်သန်းရမည့် ရေယာဉ်များ၌ အိန္ဒိယသင်္ဘောသားများကို အလုပ်မပေးရန် အိန္ဒိယအစိုးရက သင်္ဘောပိုင်ရှင်များ၊ သင်္ဘောမန်နေဂျာများ၊ သင်္ဘောသားခေါ်ယူရေး ကုမ္ပဏီများကို ညွှန်ကြားထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဟော်မုဇ် ရေလက်ကြားကို ထိန်းချုပ်နိုင်ရေးအတွက် အပြိုင်ကြိုးပမ်းနေသော အမေရိကန်နှင့် အီရန်နိုင်ငံကြား စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာချိန်တွင် အိန္ဒိယအစိုးရ၏ အဆိုပါညွှန်ကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလုပ်ငန်းအတွက် သင်္ဘောသားများ တတိယအများဆုံး ဖြည့်ဆည်းပေးနေသော နိုင်ငံဖြစ်သည်။

အိန္ဒိယအစိုးရ ကိန်းဂဏန်း အချက်အလက်များအရ လက်ရှိတွင် နိုင်ငံတကာ သင်္ဘောလိုင်းများ၌ အလုပ်လုပ်နေသော အိန္ဒိယသင်္ဘောသား ဦးရေ ၃၀၀၀၀၀ ကျော် အလုပ်လုပ်နေကြောင်း သိရသည်။

ညွှန်ကြားချက်သစ် တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်ချိန်ထိတိုင် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းမည့်သင်္ဘောများ၌ အိန္ဒိယသင်္ဘောသားများကို အလုပ်မပေးရန် အိန္ဒိယအစိုးရ ညွှန်ကြားချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် သုံးရက်အတွင်း ဟော်မုဇ် ရေလက်ကြားဖြတ် သင်္ဘောများ တိုက်ခိုက်ခံရမှုကြောင့် အိန္ဒိယသင်္ဘောသားနှစ်ဦး သေဆုံးခဲ့ပြီးနောက် အိန္ဒိယအစိုးရ၏ အဆိုပါညွှန်ကြားချက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## သမ္မတဒေါနယ်ထရမ့်၏ မျက်နှာပုံထည့်သွင်းထားသည့် ဒင်္ဂါးသစ် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန ထုတ်ဝေမည်




**ဝါရှင်တန် ဇူလိုင် ၁၆**

သမ္မတဒေါနယ်ထရမ့်၏ မျက်နှာပုံထည့်သွင်း ခတ်နှိပ်ထားသည့် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာတန်ဒင်္ဂါးများကို မကြာမီကာလအတွင်းထုတ်ဝေရန် စီစဉ်နေကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး စကော့ဘက်ဆန့်က ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့် အထိမ်းအမှတ်အဖြစ် အဆိုပါ အမှတ်တရဒင်္ဂါးများကိုထုတ်ဝေရန် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါ တစ်ဒေါ်လာတန် ဒင်္ဂါးသစ်များ၏ မျက်နှာပြင်တစ်ဖက်တွင် သမ္မတ ဒေါနယ်ထရမ့်၏ မျက်နှာကို ထည့်သွင်းထားပြီး အခြားမျက်နှာပြင် တစ်ဖက်၌ အမေရိကန် သမ္မတများ၏ တံဆိပ်တွင်ပါဝင်သော လင်းယုန်ငှက်ပုံကို ထည့်သွင်းထားသည်။

အဆိုပါ အမေရိကန်လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့်အထိမ်းအမှတ် ဒင်္ဂါးသစ်များကို အမေရိကန်အစိုးရ ဒင်္ဂါးသွန်းဌာနက သွန်းလောင်းပေးမည်ဖြစ်သည်။

၁၈၆၆ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်အရ အမေရိကန်ငွေစက္ကူများ၌ သက်ရှိထင်ရှားရှိဆဲ လူပုဂ္ဂိုလ်များ၏ ရုပ်ပုံများထည့်သွင်းခွင့်ကို ပိတ်ပင်ထားသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်က ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်၌ အမေရိကန် လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့်အထိမ်းအမှတ်အဖြစ် တစ်ဒေါ်လာတန် အမှတ်တရဒင်္ဂါးများ ထုတ်ဝေခွင့်ပေးထားသော်လည်း ထိုဒင်္ဂါးများ၌ သက်ရှိထင်ရှားလူပုဂ္ဂိုလ်များ၏ ရုပ်ပုံများ ထည့်သွင်းခွင့်ကို ပိတ်ပင်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တပ်မတော်ဆက်လက်တိုက်ခိုက်

**တီဟီရန် ဇူလိုင် ၁၆**

အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် တစ်ဖန်ပြန်လည်ပိတ်ဆို့ခဲ့ပြီးနောက် အမေရိကန်တပ်မတော်က အီရန်နိုင်ငံ၏ ကမ်းရိုးတန်း ကာကွယ်ရေးစခန်းများနှင့် ဒုံးကျည်စခန်းများကို ဇူလိုင် ၁၅ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၁၅ ရက်တွင် ပထမအကျော့တိုက်ခိုက်မှုအဖြစ် အီရန်နိုင်ငံ ဂရိတ်တားတန့်ဘ် ကျွန်းပေါ်ရှိ ကမ်းရိုးတန်းကာကွယ်ရေးစခန်းများနှင့် ခရုစ်ဒုံးကျည် သိုလှောင်ရေးစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ကိုးနာရီအကြာတွင် ဒုတိယအကျော့တိုက်ခိုက်မှုအဖြစ် အီရန်မြို့ကြီးများရှိ စစ်ရေးပစ်မှတ်များကို ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ စစ်ရေးတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဘာရိန်း၊ ကူဝိတ်၊ ဂျော်ဒန်နိုင်ငံတို့ရှိ အမေရိကန် စစ်စခန်းများကိုတိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ဧပြီ ၁၇ ရက်တွင် ရယူထားသော အချက် ၁၄ ချက်ပါ အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးနားလည်မှုစာချွန်လွှာ ပျက်ပြားခဲ့ပြီးနောက်ပိုင်း အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာလျက်ရှိသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများကြောင့် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၉၅ ဒေါ်လာထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**


## နှစ် ၂၀ ကျော်အတွင်း အာဖရိကတိုက်၏ ပထမဆုံးလူဖြူနိုင်ငံ့ခေါင်းဆောင် ကွယ်လွန်

**လူဆာကာ ဇူလိုင် ၁၆**

နှစ် ၂၀ ကျော် ကာလအတွင်း အာဖရိကတိုက်၏ ပထမဆုံး လူဖြူ နိုင်ငံ့အကြီးအကဲဖြစ်ခဲ့သူ ဇမ်ဘီယာ သမ္မတဟောင်း ဂိုင်းစကော့သည် ဇူလိုင် ၁၅ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇမ်ဘီယာ သမ္မတဟောင်း ဂိုင်းစကော့သည် ကွယ်လွန်ချိန်တွင် အသက် ၈၂ နှစ် ရှိပြီဖြစ်ကြောင်း ဇမ်ဘီယာ သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ဂိုင်းစကော့သည် ဒုတိယသမ္မတရာထူးရယူခဲ့ပြီးနောက် ဇမ်ဘီယာ သမ္မတ မိုက်ကယ်ဆာတား ကွယ်လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ဇမ်ဘီယာသမ္မတရာထူးကို သုံးလကြာ ယာယီရယူခဲ့သည်။



သို့ဖြစ်ရာ ဂိုင်းစကော့သည် တောင်အာဖရိကသမ္မတ ဒီကလာ့ခ်နောက်ပိုင်း အာဖရိကတိုက်၏ ပထမဆုံး လူဖြူနိုင်ငံ့ခေါင်းဆောင် ဖြစ်လာ ခဲ့သည်။

စကော့တလန်နှင့် အင်္ဂလိပ်ကပြား လူဖြူတစ်ဦးဖြစ်သည့် ဂိုင်းစကော့သည် ဇမ်ဘီယာ လွှတ်တော်၌ လွှတ်တော်အမတ်အဖြစ် ၁၉၉၁ ခုနှစ်တွင် စတင်ရွေးကောက် တင်မြှောက်ခံခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင် ဒုတိယသမ္မတရာထူးရယူခဲ့သည်။

ဂိုင်းစကော့၏ ဈာပနအခမ်းအနားကို နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပပေးမည်ဖြစ်ကြောင်း လက်ရှိ ဇမ်ဘီယာ သမ္မတ ဟာကိန်ဒီဟီချီလီမာက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စပေ့အိတ်ကုမ္ပဏီ လွှတ်တင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဖယ်လ်ကွန်- ၉ ဒုံးပျံဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို ဇူလိုင် ၁၅ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ဖယ်လ်ကွန်-၉ဒုံးပျံ၏ အကြိမ် ၆၀၀ မြောက် မစ်ရှင်ဖြစ်ပြီး ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၈၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်မတိုင်မီ စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်၏ ၈၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်အဖြစ် ဇူလိုင် ၁၄ ရက်က စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်ကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အထက်ပါမစ်ရှင် နှစ်ခုစလုံး အောင်မြင်ခဲ့မှုကြောင့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုစင်းရေ ၁၀၈၃၉ စင်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာ့တန်ဖိုးအကြီးဆုံးဂြိုဟ်တုတချို့ တည်ရှိရာပတ်လမ်းပေါ်၌ အရွယ်အစားအားဖြင့် နှစ်လက်မမျှရှိသော အာကာသအမှိုက်စများရှိနေ

**လန်ဒန် ဇူလိုင် ၁၆**

ကမ္ဘာ့ တန်ဖိုးအကြီးဆုံး ဂြိုဟ်တုတချို့ တည်ရှိရာပတ်လမ်းပေါ်၌ အရွယ်အစားအားဖြင့် နှစ်လက်မ (ငါးစင်တီမီတာ)မျှရှိသော အာကာသအမှိုက်စများ ရှိနေကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ဝါးဝစ်ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ အကွာတွင် တည်ရှိသည့် ကမ္ဘာပတ်လမ်းကိုလေ့လာခဲ့ကြသည်။



လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ ပတ်လမ်းပေါ်တွင် ယခင်ကမရှိခဲ့သည့် အာကာသအမှိုက်စများ ရှိလာသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသအမှိုက်များသည် Geostationary Orbit ပတ်လမ်းပေါ်၌ တည်ရှိနေသော ဂြိုဟ်တုများကို အန္တရာယ်ပေးဖျက်ဆီးနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

အဆိုပါပတ်လမ်းသည် ရုပ်သံဆက်သွယ်ရေး ဂြိုဟ်တုများ၊ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ၊ ကမ္ဘာမြေလေ့လာရေးနှင့် ရာသီဥတု လေ့လာရေးဂြိုဟ်တုများ နေရာယူထားသော ကမ္ဘာပတ်လမ်းဖြစ်သည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် Geostationary Orbit ပတ်လမ်း၏ အခြေအနေကို အိုင်ဆက်နယူတန် တယ်လီစကုပ်ဖြင့် လေ့လာစူးစမ်းခဲ့ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဆိုယုဇ်အမ်အက်စ်-၂၉ အာကာသ လူသယ်ယာဉ်ကို ရုရှားအာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်

**မော်စကို ဇူလိုင် ၁၆**

ရုရှား အာကာသအေဂျင်စီသည် အမေရိကန် အာကာသယာဉ်မှူးတစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားသည့် ဆိုယုဇ်အမ်အက်စ်-၂၉ အာကာသ လူသယ်ယာဉ်ကို ဇူလိုင် ၁၅ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ဆိုယုဇ်အမ်အက်စ်-၂၉ အာကာသ လူသယ်ယာဉ်ကို ဆိုယုဇ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဆိုယုဇ်ဒုံးပျံသည် ဆိုယုဇ်အမ်အက်စ်-၂၉ အာကာသ လူသယ်ယာဉ်ကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ် အမ်အက်စ်-၂၉ အာကာသ လူသယ်ယာဉ်သည် ကမ္ဘာကို နှစ်ကြိမ်လှည့်ပတ်ပျံသန်းခဲ့ပြီးနောက်နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်ဟု ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဆိုယုဇ် အမ်အက်စ်-၂၉ အာကာသ လူသယ်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်းသည် မြေထဲပင်လယ်ဒေသအထက် အမြင့်မိုင် ၂၆၀ တွင်ရှိသော ပတ်လမ်းပေါ်၌ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## လက်ချောင်းသွေးဖောက်သွေးစစ်နည်းဖြင့် အဓိကရောဂါများ ဖြစ်ပွားနိုင်ခြေကို ကြိုတင်ဖော်ထုတ်ပေးနိုင်

**လန်ဒန် ဇူလိုင် ၁၆**

လက်ချောင်း သွေးဖောက်သွေးစစ်နည်းတစ်မျိုးဖြင့် အဓိကရောဂါများ ဖြစ်ပွားနိုင်ခြေကို ကြိုတင်ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း သကြားဓာတ်နှင့် အက်စစ်ဓာတ် ပါဝင်မှုအချိုးအစားသည် ကင်ဆာရောဂါ၊ နှလုံးရောဂါများ၊ ပုံစံ-၂ ဆီးချိုရောဂါနှင့် အဝလွန်မှုပြဿနာ ပေါ်ထွက်လာနိုင်ခြေ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လက်ချောင်းသွေးဖောက်သွေးစစ်နည်းကိုသုံး၍ သွေးအတွင်း ဂလူးကို့စ်သကြားဓာတ်ပါဝင်မှုနှင့် Ketones ခေါ် ဓာတုပစ္စည်းတစ်မျိုး ပါဝင်မှုအချိုးအစား (GKI) ကို တိုင်းတာခြင်းဖြင့် အထက်ပါရောဂါများဖြစ်နိုင်ခြေ ရှိ၊ မရှိကို ဖော်ထုတ်နိုင်ကြောင်း သိရသည်။

လက်ချောင်းသွေးဖောက် သွေးစစ်နည်းအရ GKI အဆင့်နည်းပါးက ဇီဝဓာတုပြောင်းလဲမှုဖြစ်စဉ်များ ကောင်းမွန်မှုရှိပြီး GKI အဆင့်မြင့်မားပါက ဇီဝဓာတုပြောင်းလဲမှုဖြစ်စဉ်များ ဖောက်ပြန်နေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ လက်ချောင်းသွေးဖောက်၍ GKI အဆင့်ကို တိုင်းတာမှုသည် အယ်ဇိုင်းမားရောဂါ၊ ပါကင်ဆန်ရောဂါနှင့် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ် ရောဂါများ ဖြစ်နိုင်ခြေ ရှိ၊ မရှိကိုလည်း ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကမာကောင် စားသုံးခြင်းဖြင့် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**ရောမ ဇူလိုင် ၁၆**

ကမာကောင် စားသုံးခြင်းဖြင့် ကင်ဆာရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

အီတလီနိုင်ငံ ဖာရာရာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပစိဖိတ် ကမာကောင်များတွင် ပါဝင်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် အူလမ်းကြောင်းဆဲလ်များ ရောင်ရမ်းမှုကို လျှော့ချနိုင်ကြောင်း သိရသည်။

နာတာရှည် ရောင်ရမ်းမှုပြဿနာသည် ကင်ဆာရောဂါ၊ ပုံစံ -၂ ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် အူမကြီးရောင်ရမ်းမှု ရောဂါအပါအဝင် ရောဂါအမျိုးမျိုး၏ အဓိကနောက်ခံအကြောင်းတရားဖြစ်သည်။

အီတလီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမာကောင်တွင်ပါဝင်သောဓာတုဒြပ်ပေါင်းများသည် အူလမ်းကြောင်းဆဲလ်များ နာတာရှည်ရောင်ရမ်းမှုပြဿနာကို လျှော့ချနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ကမာကောင်သည် ပရိုတင်းနှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်များကြွယ်ဝပြီး ဗီတာမင်ဘီ-၁၂၊ သံဓာတ်နှင့် ဆီလီနီယံဓာတ်များ ပါဝင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားဆုအတွက် အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီ ထိပ်ဆုံးမှဦးဆောင်

ဝါရှင်တန် ဇူလိုင် ၁၆

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ပွဲစဉ်တွင် အာဂျင်တီးနား အသင်းခေါင်းဆောင် မက်ဆီက ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမားဆုအတွက် ထိပ်ဆုံးမှဦးဆောင်နေကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



သွင်းဂိုးအများဆုံး ကစားသမားဆုအတွက် ကစားသမားများအနေဖြင့် သွင်းဂိုးအရေအတွက် တူညီနေမည်ဆိုပါက ဂိုးဖန်တီးမှု အများဆုံးကစားသမားက ရရှိမည်ဖြစ်သည့်အတွက် မက်ဆီက အင်္ဂလန်အသင်းနှင့် ပွဲစဉ်တွင် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ပြင်သစ်အသင်းမှ အမ်ဘက်ပီနှင့် ရှစ်ဂိုးစီ တူညီနေသော်လည်း ဂိုးဖန်တီးမှု အသာဖြင့် ထိပ်ဆုံး၌ဦးဆောင်နေခြင်းဖြစ်သည်။

မက်ဆီသည် အုပ်စုပွဲစဉ်များမှစတင်ပြီး ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်ထိ သွင်းဂိုးများ ဆက်တိုက်သွင်းယူခဲ့သော်လည်း ပြီးခဲ့သည့် ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဆွစ်ဇာလန်အသင်းနှင့် ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့သကဲ့သို့ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် ပွဲစဉ်တွင်လည်း ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက်သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားခြင်းဖြစ်သည်။

မက်ဆီ၏နောက်တွင် ပြင်သစ်အသင်းမှ အမ်ဘက်ပီက သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ဖြင့် ဒုတိယ၊ နော်ဝေအသင်းမှဟာလန်းက သွင်းဂိုး ခုနစ်ဂိုးဖြင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်နေကြောင်းသိရသည်။

Ref : B/R Football
Trs : STA

# Athens Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ကို ဆက်ကာရီ တက်ရောက်

အေသင် ဇူလိုင် ၁၆

ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပနေသည့် Athens Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်မယ်ဆက်ကာရီနှင့် ဗြိတိန်တင်းနစ်မယ်ဟာရီယက်ဒက်တို့ ယှဉ်ပြိုင်ခဲ့ရာ ဆက်ကာရီက (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆက်ကာရီအနေဖြင့် မွေးရပ်မြေတွင်ကျင်းပသည့် ပြိုင်ပွဲတွင် အကောင်းဆုံး လက်စွမ်းပြသခဲ့ပြီး ဒုတိယအဆင့်ပွဲစဉ်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆက်ကာရီသည် ဟာရီယက်ဒက်ကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် စပေးဘောများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ရရှိခဲ့သည့်ရမှတ်များအနက် ၇၆ ရာခိုင်နှုန်းမှာ စပေးဘောမှရရှိခဲ့သည့် ရမှတ်များဖြစ်သည်။

ဆက်ကာရီက "မွေးရပ်မြေမှာကျင်းပတဲ့ပြိုင်ပွဲမှာ အောင်မြင်မှုရချင်ပါတယ်။ ဒါ့ကြောင့် ပြိုင်ပွဲအပေါ်မှာ သေချာအာရုံစိုက်ခဲ့ပါတယ်။ ရိုက်ချက် တစ်ချက်ချင်းစီတိုင်းကိုလဲ သေချာအာရုံစိုက်ခဲ့ပါတယ်။ အထူးသဖြင့် အဆင့်နှစ်ဆင့်လုံးမှာ စပေးဘောတွေ သိပ်ကိုကောင်းခဲ့တယ်လို့ ခံစားမိပါတယ်။ စပေးဘောကြောင့်ပဲ အနိုင်ရခဲ့တာလို့ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL



# ၂၀၂၇ အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း အုပ်စု(G)တွင် ကျရောက်

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၇ အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းသည် အုပ်စု(G)တွင် ဟောင်ကောင်အသင်း၊ ဂူအမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

၂၀၂၇ အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် အာရှဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ၃၀ ဖြင့် အုပ်စုရှစ်ခုခွဲ၍ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီတွင် အိမ်ရှင်နိုင်ငံတစ်နိုင်ငံစီက လက်ခံကျင်းပကာ မြန်မာအသင်းပါဝင်သည့် အုပ်စု(G)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုရှစ်ခုမှ အုပ်စုပထမနေရာတွင် ရပ်တည်မည့် အသင်းရှစ်သင်းသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲကို လာမည့် ၂၀၂၇ ခုနှစ်တွင် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

၂၀၂၇ အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(G)အုပ်စု ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်ထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# WBA ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ဂါစီယာနှင့် ကွန်နာဘင်းတို့ စက်တင်ဘာလတွင် ထိုးသတ်မည်

လက်စ်ဗီးဂတ် ဇူလိုင် ၁၆

WBA ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန် လက်ဝှေ့သမား ဂါစီယာနှင့် ဗြိတိန်လက်ဝှေ့သမား ကွန်နာဘင်းတို့ လာမည့် စက်တင်ဘာ ၁၂ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း Paramount Boxing Promotion ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါစီယာနှင့် ကွန်နာဘင်းတို့က စိန်ခေါ်ပွဲထိုးသတ်ရန် သဘောတူညီချက်ကို ယခုလ အစောပိုင်းကတည်းက ရယူခဲ့သော်လည်း နေရာနှင့် အချိန်မသတ်မှတ်ရသေးသည့်အတွက် Paramount Boxing Promotion ကုမ္ပဏီက ဆွေးနွေး ညှိနှိုင်းပေးခဲ့ပြီးနောက် လက်စ်ဗီးဂတ်မြို့ကို ရွေးချယ်ကာ စက်တင်ဘာ ၁၂ ရက်တွင် ထိုးသတ်ရန် သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂါစီယာနှင့် ကွန်နာဘင်းတို့၏ ပွဲစဉ်နှင့်ပတ်သက်ပြီး UFC အဖွဲ့ချုပ် ဥက္ကဋ္ဌဒန်နာဝှိုက်က "ဂါစီယာနဲ့ ကွန်နာဘင်းတို့ရဲ့ပွဲဟာ တကယ့်ပွဲကြီးပွဲကောင်း ဖြစ်လာနိုင်ပါတယ်။ ကွန်နာဘင်းဟာ ပရော်ဖက်ရှင်နယ်လောကမှာ စိန်ခေါ်ပွဲ ၂၇ ပွဲမှာ ၂၆ ပွဲထိ အနိုင်ရထားပါတယ်။ သိပ်ကောင်းတဲ့ မှတ်တမ်းပါ။ ဂါစီယာနဲ့ပတ်သက်ပြီးတော့ သီးသန့် ထပ်ပြောစရာတော့မလိုတော့ပါဘူး။ ဂါစီယာဟာ လက်ဝှေ့လောကရဲ့ အကောင်းဆုံး စူပါစတားတွေထဲက တစ်ယောက်ပါ။ သူတို့နှစ်ယောက် ထိပ်တိုက်တွေ့ဆုံမှုဖြစ်တဲ့အတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲစဉ်ပါ"ဟု မှတ်ချက်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် နှစ်ကြိမ်ဆက်တက်ရောက်နိုင်သည့် စတုတ္ထမြောက်နည်းပြအဖြစ် အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီ ရပ်တည်

ဗျူနိုစ်အေရိစ် ဇူလိုင် ၁၆

အာဂျင်တီးနားအသင်း နည်းပြ စကာလိုနီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ဗိုလ်လုပွဲအဆင့် တက်ရောက်အောင် စွမ်းဆောင်ပေးခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် နှစ်ကြိမ်ဆက် တက်ရောက်နိုင်သည့် စတုတ္ထမြောက်နည်းပြအဖြစ် ရပ်တည်ခဲ့ကြောင်း Live Score သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



နည်းပြ စကာလိုနီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ဗိုလ်လုပွဲအဆင့် တက်ရောက်အောင်စွမ်းဆောင်ခဲ့ကာ ပြင်သစ်အသင်းကိုအနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သကဲ့သို့ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းကို အနိုင်ရပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ နှစ်ကြိမ်ဆက် တက်ရောက်နိုင်အောင် စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ နှစ်ကြိမ်ဆက် တက်ရောက်နိုင်သည့် ပထမဆုံး နည်းပြအဖြစ် ဂျာမနီအသင်းနည်းပြဟောင်း ဘက်ကင်ဘောင်ဝါက ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတို့တွင် တက်ရောက်နိုင်ခဲ့ပြီး ၁၉၈၆ ခုနှစ်ပြိုင်ပွဲတွင် ဒုတိယ၊ ၁၉၉၀ ပြည့်နှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည်။

အလားတူ ဒုတိယမြောက်နည်းပြအဖြစ် အာဂျင်တီးနားအသင်းနည်းပြဟောင်း ဘီလာဒိုကလည်း ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်တို့တွင် တက်ရောက်နိုင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ချန်ပီယံဆုနှင့် ၁၉၉၀ ပြည့်နှစ်တွင် ဒုတိယဆုဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး တတိယမြောက်နည်းပြအဖြစ် လက်ရှိ ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်က ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် တက်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ချန်ပီယံဆု၊ ၂၀၂၂ ခုနှစ်တွင် ဒုတိယဆုဆွတ်ခူးခဲ့ကာ ယခုတွင်လည်း နည်းပြစကာလိုနီသည် ၂၀၂၂ ခုနှစ်တွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး လက်ရှိ ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Live Score
Trs : STA

ML

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ တတိယဖိုလ်လုပွဲမှာ တိုက်စစ်ကစားပုံပိုကောင်းတဲ့ ပြင်သစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ



၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြီးခဲ့တဲ့ ဇွန် ၁၁ ရက်က စတင်ကျင်းပခဲ့ရာမှာ လက်ရှိအချိန်မှာ ပြိုင်ပွဲပြီးဆုံးဖို့ ရက်အနည်းငယ်သာ ကျန်ရှိတော့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ကိုတော့ ပရိသတ်တွေမျှော်လင့်ထားတဲ့ အသင်းလေးသင်းဖြစ်တဲ့ စပိန်အသင်း၊ ပြင်သစ်အသင်း၊ အာဂျင်တီးနားအသင်းနဲ့ အင်္ဂလန်အသင်းတို့ တက်ရောက်ခဲ့ပေမဲ့ စပိန်အသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ အာဂျင်တီးနားအသင်းက အင်္ဂလန်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲအသီးသီးရရှိခဲ့တာကြောင့် ဗိုလ်လုပွဲစဉ်မှာ စပိန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ တွေ့ဆုံနေတာကိုတွေ့ရမှာပါ။ ပြင်သစ်အသင်းနဲ့ အင်္ဂလန်အသင်းတို့ကတော့ တတိယနေရာဖိုလ်လုပွဲအတွက် ကစားရမှာဖြစ်လို့အကြိတ်အနယ်ရှိတဲ့ပွဲစဉ်ကို ကြည့်ရှုရအုံးမှာသေချာပါတယ်။ လက်ရှိနှစ်သင်းစလုံးမှာဥရောပထိပ်သီး ကစားသမားကောင်းတွေ ပိုင်ဆိုင်ထားပေမဲ့ နည်းစနစ်ပိုင်းနဲ့ အဆုံးသတ်ပိုင်းမှာ ပြင်သစ်အသင်းကအသာရနေတာဖြစ်လို့ အခုလာမဲ့စနေနေ့ညပွဲစဉ်မှာ ပြင်သစ်အသင်းကိုပဲ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

## ပြင်သစ်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကြိုက်တွေ့တာကတော့ ပြင်သစ်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် (၃)မှာရပ်တည်နေတဲ့ ပြင်သစ်အသင်းဟာ အခုပြိုင်ပွဲမှာ ဖိုလ်စွဲဖို့ ရေပန်းစားနေတဲ့ အသင်းတစ်သင်းဖြစ်သလို ခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ စပိန်အသင်းနဲ့ကစားခဲ့ရတဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ကွင်းလယ်ကစားပုံယှဉ်မရဘဲ ရှုံးပွဲကြုံခဲ့တာကြောင့် တတိယဖိုလ်လုပွဲစဉ်သာ ကစားခဲ့ရတာဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ အုပ်စုပွဲစဉ်တွေမှာ ဆီနီဂေါ၊ အီရတ်၊ နော်ဝေ အသင်းတို့နဲ့ကစားခဲ့ရတာကြောင့် အဘက်ဘက်က အသာစီးရယူနိုင်ခဲ့ တာကိုတွေ့ရမှာပါ။ ဆီနီဂေါအသင်းနဲ့ပွဲစဉ်မှာဆိုရင် တိုက်စစ်ပိုင်းက ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အမ်ဘက်ပီကနှစ်ဂိုး၊ ဘာကိုလာက တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အီရတ်အသင်းနဲ့ပွဲစဉ်မှာလဲ သူတို့အသင်းရဲ့တိကျတဲ့ပေးပို့မှုတွေက တိုက်စစ်ကစားသမားတွေကို အခွင့်အရေးတွေဖန်တီးပေးနိုင်ခဲ့လို့ နိုင်ပွဲ ဆက်ခဲ့တာကိုတွေ့ရမှာပါ။ နော်ဝေအသင်းနဲ့ပွဲစဉ်မှာလဲ လေးဂိုး တစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကြောင့် အုပ်စုဖိုလ်နဲ့ ၃၂ သင်းအဆင့် ရောက်ရှိခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ၃၂ သင်းအဆင့်မှာလဲ တိုက်စစ်ကစားပုံသာကောင်းပြီး ခံစစ်ပိုင်းအားနည်းတဲ့ ဆွီဒင်အသင်းနဲ့ ကစားခဲ့ရတာကြောင့် အဲဒီပွဲမှာ အမ်ဘက်ပီက နှစ်ဂိုး ၊ဘာကိုလာက တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၁၆ သင်းအဆင့် တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ၁၆ သင်းအဆင့်မှာတော့ပါရာဂွေးအသင်းနဲ့ ကစားခဲ့ရပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ အခုပြိုင်ပွဲရဲ့ အသင်းကြီးတွေဖြစ်တဲ့ ဘရာဇီးအသင်း၊ နယ်သာလန်အသင်းတို့ကို ကျော်ဖြတ်လာတဲ့ မော်ရိုကိုအသင်းနဲ့ ကစားခဲ့ရပေမဲ့ ပြင်သစ်အသင်းရဲ့ တိုက်စစ်ကစားပုံက ပြိုင်ဘက်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့တာကြောင့် အမ်ဘက်ပီ တစ်ဂိုး၊ ဒမ်ဘီလီက တစ်ဂိုးသွင်းယူနိုင်ပြီး နှစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့လို့ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ ဥရောပချန်ပီယံ စပိန်အသင်းနဲ့ တွေ့ဆုံခဲ့ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းဟာ အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပေမဲ့ စပိန်အသင်းရဲ့ ထိန်းချုပ်မှုကိုခံခဲ့ရပြီး တိုက်စစ်ဆင်ဖို့ အခက်တွေ့ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ကွင်းလယ်တိုက်စစ်မှာ ပါဝင်ကစားတဲ့အိုလီဆီက တောင်ပံတွေကိုသာ ထွက်သွားခဲ့ပြီး ခံစစ်နဲ့ တိုက်စစ်ကို လိုက်ပါချိတ်ဆက်နိုင်ခြင်းမရှိခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် စပိန်အသင်းရဲ့ ကွင်းလယ်ကိုထိန်းချုပ်ရခက်ခဲသွားပြီး ခံစစ်ကစားသမားတွေ ဖိအားပေးခြင်းခံခဲ့ရပြီး ပွဲချိန် ၂၂ မိနစ်မှာ ပထမဦးဆောင်ဂိုး၊ ပွဲချိန် ၅၈ မိနစ်မှာ ဒုတိယဦးဆောင်ဂိုးတွေ ပေးလိုက်ရလို့ နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြဒက်ချမ့်ဟာ အင်္ဂလန်အသင်းနဲ့ပွဲစဉ်မှာ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်လာမှာဖြစ်ပြီး တိုက်စစ်မှူးအမ်ဘက်ပီက သွင်းဂိုးရှစ်ဂိုးနဲ့ ဂိုးသွင်းအများဆုံးစာရင်းမှာ မက်ဆီနဲ့ပူးတွဲရပ်တည်နေတာဖြစ်လို့ အခုပွဲစဉ်ကို ဂိုးရဖို့ကြိုးစားလာမှာသေချာပါတယ်။ ဒ့ါပြင် အင်္ဂလန်အသင်း ဗဟိုခံစစ်ပိုင်းက ဂွါန်စတုန်း၊ ကွန်ဆာ၊ ဂူဟီတို့ကလဲ အမ်ဘက်ပီရဲ့မြန်နှုန်းမြင့်ကျော်ဖြတ်မှုတွေကို ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် အခုပွဲမှာ ပြင်သစ်အသင်းဂိုးရဖို့သေချာနေတာကို တွေ့ရမှာပါ။

အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားအုပ်စုအဆင့်မှာ ခရိုအေးရှားအသင်း၊ ဂါနာအသင်း၊ ပနားမားအသင်းတို့နဲ့တွေ့ဆုံခဲ့ပြီး ခရိုအေးရှားအသင်းနဲ့ပွဲစဉ်မှာတော့ နည်းပြတူချယ်က ၄-၂-၃-၁ ကစားကွက်နဲ့ ဟယ်ရီကိန်းကို အထောင်ထားပြီးပွဲထွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ အသင်းရဲ့တိုက်စစ်ပိုင်း ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ဟယ်ရီကိန်းက နှစ်ဂိုး၊ ဘယ်လင်ဟမ်နဲ့ ရက်ရှ်ဖို့ဒ်တို့က တစ်ဂိုးစီသွင်းယူနိုင်ခဲ့လို့ လေးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဂါနာအသင်းနဲ့ပွဲစဉ်မှာတော့ ပြိုင်ဘက်ရဲ့ ခံစစ်အားပြုကစားပုံကြောင့် တိုက်စစ်ပိုင်းဂိုးရဖို့အခက်တွေ့ခဲ့သလို ဟယ်ရီကိန်း၊ ဘယ်လင်ဟမ်တို့အတွဲလဲ ချိတ်ဆက်မှုအားနည်းခဲ့လို့ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ပနားမားအသင်းနဲ့ပွဲစဉ်မှာတော့ အဘက်ဘက်က အသာစီးရယူကစားနိုင်ခဲ့တာကြောင့်ဟယ်ရီကိန်း၊ ဘယ်လင်ဟမ်တို့ရဲ့ ဂိုးတွေနဲ့ နှစ်ဂိုးဂိုးမရှိ နဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အင်္ဂလန်အသင်းကအုပ်စုဖိုလ်နဲ့ ၃၂ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အုပ်စုတွင်းပွဲစဉ်တွေမှာတော့ အင်္ဂလန်အသင်းရဲ့ခံစစ်ကစားပုံက အားနည်းချက်ရှိခဲ့ပြီး ခရိုအေးရှားလို တိုက်စစ်ထက်မြက်တဲ့အသင်းကို အလွယ်တကူဂိုးပေးရတာကို သတိပြုရမှာပါ။

အင်္ဂလန်အသင်းဟာ ၃၂ သင်းအဆင့်မှာတော့ တောင်အာဖရိကဇုန်က ကွန်ဂိုအသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ နည်းပြတူချယ်က ၄-၂-၃-၁ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်နေတဲ့ လူစာရင်းတိုင်းသာ အသုံးပြုခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပထမပိုင်းမှာ ခံစစ်ပိုင်းက ကွန်ဂိုအသင်းရဲ့တန်ပြန်တိုက်စစ်နဲ့ ဖြတ်တင်ဘောကို ရှင်းမထုတ်နိုင်ခဲ့တာကြောင့် ပွဲအစခုနစ်မိနစ်ကတည်းက ဦးဆောင်ဂိုး ပေးလိုက်ရတာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာလဲ ကွန်ဂိုအသင်းကပဲ ဆက်လက်ဖိအားပေနေတာကြောင့် အင်္ဂလန်အသင်းတိုက်စစ်ဆင်မရဖြစ်နေလို့ နည်းပြတူချယ်တိုက်စစ်ပိုင်းအပြောင်းအလဲ လုပ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ ဟယ်ရီကိန်းက သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အင်္ဂလန်အသင်း နောက်တစ်ဆင့်ရောက်ခဲ့တာဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာတော့ မက္ကဆီကိုအသင်းနဲ့ ကစားခဲ့ရပေမဲ့ နည်းပြတူချယ်ခံစစ်ပိုင်း အပြောင်းအလဲလုပ်ခဲ့သလို ဘယ်လင်ဟမ်နဲ့ဟယ်ရီကိန်းတို့ အချိတ်အဆက်မိခဲ့တာကြောင့် သုံးဂိုးနှစ်ဂိုးနဲ့ ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ကွာတားဖိုင်နယ်မှာတော့ ဘရာဇီးအသင်းကို အနိုင်ယူခဲ့တဲ့ နော်ဝေအသင်းနဲ့ ကစားခဲ့ရတာကြောင့် အကြိတ်အနယ်ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နော်ဝေအသင်းက ခံစစ်၊ တိုက်စစ်အကောင်းဆုံး ကစားနိုင်ခဲ့တာကြောင့် အင်္ဂလန်အသင်း အခက်တွေ့ခဲ့ပြီးပွဲချိန် ၃၅ မိနစ်မှာ ဦးဆောင်ဂိုး ပေးခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နာကျင်အချိန်ပို ၄၅ မိနစ်ကျော်မှာ ဘယ်လင်ဟမ် တစ်ကိုယ်တော်အစွမ်းနဲ့ ကြိုးပမ်းခဲ့တာကြောင့် ချေပဂိုးရခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုမှာတော့ နော်ဝေဂိုးသမားပုတ်ထုတ်လိုက်တဲ့ဘောလုံးကို ဘယ်လင်ဟမ် အဆုံးသတ်ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ အစဉ်အလာရ ပြိုင်ဘက်ကောင်းဖြစ်တဲ့ တောင်အမေရိကဇုန်က အာဂျင်တီးနားအသင်းနဲ့ ကစားခဲ့ရတာကြောင့် ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ ဒီပွဲစဉ်မှာတော့ နည်းပြတူချယ်ဟာ ကစားကွက်ပြောင်းလဲခဲ့ခြင်းမရှိပေမဲ့ တောင်ပံတိုက်စစ်မှာ ရော်ဂျာ၊ ဂေါ်ဒွန်တို့အတွဲကို ဟယ်ရီကိန်းနဲ့ တွဲသုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းရဲ့ တိုက်စစ်ကို ထိန်းချုပ်ဖို့ကြိုးစားခဲ့ပြီး တန်ပြန်တိုက်စစ်နဲ့သာ ကစားခဲ့တာဖြစ်လို့ ပွဲကစားချိန် ၅၅ မိနစ်မှာ ဂေါ်ဒွန်ကဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ နည်းပြတူချယ်ဟာ အနိုင်ရလဒ်ကိုထိန်းချုပ်ဖို့ ဂေါ်ဒွန်နေရာမှာ ကွန်ဆာကိုထည့်သွင်းခဲ့တာကြောင့် အာဂျင်တီးနားအသင်းရဲ့ ဖိအားပေးမှုကို ဆက်တိုက်ခံခဲ့ရတာကို သတိပြုရမှာပါ။ ပွဲချိန် ၈၂ မိနစ်မှာ ဒီကလန်ရိုက်နဲ့ ရိစ်ဂျိမ်းတို့ ဒဏ်ရာကြောင့် လူစားလဲခဲ့ရတာကြောင့် အင်္ဂလန်အသင်း ခံစစ်ပိုင်းအားနည်းသွားခဲ့လို့ တိုက်စစ်မှူးမက်ဆီကို ထိန်းချုပ်မရတော့ဘဲပွဲချိန် ၈၅ မိနစ်မှာမက်ဆီရဲ့ဖန်တီးမှုကနေ ချေပဂိုး၊ ပွဲချိန် မိနစ် ၉၀ မှာ မက်ဆီရဲ့ဖန်တီးမှုကနေ ဦးဆောင်ဂိုးတွေပေးလိုက်ရပြီး ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာ အင်္ဂလန်အသင်းဟာ အာဂျင်တီးနားအသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့ပေမဲ့ နည်းပြတူချယ်ရဲ့နည်းစနစ်ပိုင်းအမှားနဲ့ အဓိကကစားသမားနှစ်ယောက် ဒဏ်ရာရသွားတာတွေကြောင့် အင်္ဂလန်အသင်းဖိုလ်လုပွဲနဲ့လွဲချော်ခဲ့ပြီး တတိယဖိုလ်လုပွဲသာ ကစားခွင့်ရခဲ့တယ်လို့ဆိုရမှာပါ။

ပြင်သစ်အသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ တတိယဖိုလ်လုပွဲမှာတော့ ပြင်သစ်အသင်းက တစ်ယောက်ချင်းစွမ်းဆောင်ရည်နဲ့ တိုက်စစ်ပိုင်းပိုကောင်းနေတာဖြစ်ပြီး အင်္ဂလန်အသင်းကတော့ ကွင်းလယ်က ဒီကလန်ရိုက် ဒဏ်ရာကြောင့်မပါနိုင်ရင် ခံစစ်ပိုင်းအားနည်းသွားမှာဖြစ်လို့ ပေးဂိုးများသွားမှာသေချာပါတယ်။ ဒ့ါပြင် နည်းပြတူချယ်အနေနဲ့ တောင်ပံတိုက်စစ်ကိုသာ အားပြုကစားခဲ့မယ်ဆိုရင်တော့ ပြင်သစ်အသင်းရဲ့တောင်ပံပိုင်းတွေကိုကျော်ဖြတ်ဖို့ မဖြစ်နိုင်တာကြောင့် အခုပွဲမှာ တစ်ယောက်ချင်းစွမ်းဆောင်ရည်နဲ့ တိုက်စစ်ကစားပုံပိုကောင်းနေတဲ့ ပြင်သစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၁ | - | ၄ | ပြင်သစ် |
| ပြင်သစ် | ၃ | - | ၀ | ဆွီဒင် |
| ပါရာဂွေး | ၀ | - | ၁ | ပြင်သစ် |
| ပြင်သစ် | ၂ | - | ၀ | မော်ရိုကို |
| ပြင်သစ် | ၀ | - | ၂ | စပိန် |

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပနားမား | ၀ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၂ | - | ၁ | ကွန်ဂို |
| မက္ကဆီကို | ၂ | - | ၃ | အင်္ဂလန် |
| နော်ဝေ | ၁ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၁ | - | ၂ | အာဂျင်တီးနား |

# ရွှေရင်နာဘုရား

မြင်းမူမောင်နိုင်မိုး

**❖ ရွှေရင်နာဘုရားကြီးကား သပ္ပာယ်လှသည်။ ရွာသားများ ခေတ်အဆက်ဆက်မွမ်းမံပြုပြင်ခဲ့သည်ဖြစ်၍ တည်ထားပြီးခါစဘုရားကြီးပမာ ထည်ထည်ဝါဝါရှိလှသည်။ ကျွန်တော်တို့နယ်သူ၊ နယ်သားများသည် ဝါဆိုဦးကာလရောက်၍ ဘုရားပွဲတော်ရောက်လေလျှင် မရောက်ရောက်အောင် ပြန်တတ်ကြသည်။ ငယ်စဉ်ကတော့ ဘုရားပွဲသွားရတာ အဖော်အပေါင်းများနှင့်ပျော်ရွှင်မှုကို ရှေ့တန်းတင်ခဲ့သည်မှာ အမှန်ပင်။ ❖**

"မိဿလင်နှင့် ချင်းကိုလိုလျှင်
ဝါဆိုငယ်မှဝါဦး
မြေနူးနူးမှာ တူးလှည့်ပါရှင်..။
နှမအထွေး မယ့်ကိုလိုလျှင်.."

**(အင်းဝခေတ်စာဆို တောင်တွင်းရှင်ငြိမ်းမယ်)**

ဝါဆိုမိုးတွေ ညို့လေပြီ။ "ရှစ်ခွင်ရပ်ဆီ၊ တိမ်ပန်းချီလည်း၊ ညိုသည်တစ်ခါ၊ ပြာချည်တစ်လှည့်၊ လှဲ့လှဲ့မှိုင်းမှိုင်း၊ ပန်းအိမ်ဆိုင်းသကဲ့သို့" ရှုတိုင်းဘယ်ဆီလွမ်းရမည်ကို မဆိုတတ်နိုင်လောက်အောင်ပင် ပတ်ဝန်းကျင်ရှုမျှော်ခင်းများက ရင်တွင်းကို တိုးဝှေ့ထိုးဖောက်နိုင်စွမ်းရှိလှသည်။

အဖေ့ကိုလွမ်းသည်။ အမေ့ကိုလွမ်းသည်။ အဖေနှင့်အမေ၏ ဇာတိဌာနေ အညာမြေကိုလွမ်းလှသည်။ အထူးသဖြင့် သည်လိုရာသီရောက်လေပြီဆိုပါက အဖေတို့ရွာပတ်ဝန်းကျင် ယာခင်းတစ်ခွင်တွင် နှမ်းလျင်များစိုစိုစိမ်း၍ ယိမ်းကနေလေပြီ။ မိုးလေဝသများမှန်လို့ကတော့ နှမ်းလျင်ခင်းများ ပေါင်လယ်ကျော်၍ ခါးသို့ရောက်လုနီး ကြီးရင့်လာချေပြီ။

အဖေ့ရွာကား မြင်းမူမြို့နယ် ဝွေးပင်တောရွာအုပ်စု တွင်းကြီးရွာပင်ဖြစ်သည်။ ဝွေးပင်တောနှင့် တွင်းကြီးရွာသည် တစ်တိုင်ခရီး(နှစ်မိုင်) မျှသာဖြစ်သည်။ အဖေတို့ရွာက ရွာလေးရွာတစ်ဆက်တစ်စပ်တည်းလို တည်ရှိသည်။ တွင်းကြီး၊ ကံသာ၊ စည်ပင်၊ ချောင်းကွေ့ဟူ၍တည်း။

ဝွေးပင်တောသည် မုံရွာ-မန္တလေး ကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။ မြင်းမူမှ ဝွေးပင်တောသို့ ၁၀ မိုင်ဝေးသည်။ ရန်အောင်မန်းအစရှိသော ကားကြီးများဖြင့်လိုက်ပါသွားလျှင် နာရီဝက်၊ တစ်နာရီခရီးမျှသာရှိသည်။

ကျွန်တော်တို့ပျော်ရွှင်ကြည်နူးသည့် ခရီးစဉ်မှာ ဝွေးပင်တောမှ တွင်းကြီးသို့၊ တွင်းကြီးမှ ဘုရားပွဲရှိရာ ရွှေယင်းမာရွာသို့ ခြေကျင်ခရီးသွားရခြင်းပင်ဖြစ်သည်။ ရွာမရောက်မီလမ်းမှာ မိုးနံ့ချုံများ၊ နဘူးချုံများကို တိုးတိုးဝှေ့ဝှေ့ဖြတ်ကျော်ရသည်။ လှည်းလမ်းဖွေးဖွေးပေါ်မှာ ပြေးပြေးလွှားလွှားသွားရသည်။ ရှားစောင်းပြာသာဒ်ပင်ကြီးများရဲ့ ပင်စည်မှာပွင့်နေသော ခရမ်းရောင်အပွင့်လေးများကိုခူးရင်း၊ ချိုးရင်းချိုး၊ ခါ၊ ဆက်ရက်၊ စာဝါငှက်ကလေးများကို မထိတထိစရင်း ပျော်ပျော်ရွှင်ရွှင်ခရီးနှင်ကြသည်။

လမ်းခရီးတွင် ထူးချောင်းဟုခေါ်သော သဲချောင်းကြီးထဲ ကျွံကျွံသွားသော ခြေဖဝါးများ၊ ဖနောင့်များကြောင့် လိမ်ဖယ်လိမ်ဖယ်ဖြင့် ပြေးရင်းလွှားရင်း ရယ်ကြမောကြသောကြရလေသည်။ ရွာရောက်ပြန်တော့လည်း ဟိုကသည်က နှုတ်ဆက်ကြပြန်သည်။

"ဟယ်...ဒါ ကိုကြီးဉာဏ်သားလေးတဲ့။ ထွားလာလိုက်တာဟယ် အလွန်ပဲ"

"ဟဲ့...ဖိုးနီလေး၊ အိမ်ကိုလာခဲ့အုံးဟဲ့။ မုန့်ညာတစ်ရာတွေ ကျွေးရုံ့တော်"

ဆွေမျိုးတွေဆိုတာကလည်း တစ်ရွာလုံးနီးပါးပါပဲ။ ရွာမှာတစ်ညအိပ်ပြီး နောက်တစ်နေ့မှာ ဘုရားပွဲရှိရာ ရွှေယင်းမာရွာသို့ တပျော်တပါးသွားကြပြန်လေသည်။

ရွှေယင်းမာရွာတွင် ရွှေရင်နာဘုရားကြီးရှိလေသည်။ ရွှေယင်းမာရွာနှင့် တွင်းကြီးရွာကလည်း နှစ်မိုင်ကျော်ကျော်ကွာဝေးလေသည်။ နှစ်စဉ် ဝါဆိုလတိုင်း ဘုရားပွဲတော်ကျင်းပသည်ဖြစ်ရာ ကျွန်တော်တို့ နယ်သူနယ်သားတိုင်းက ဤဘုရားပွဲကို ဝါဆိုဦးဘုရားပွဲဟု အမည်ကင်ပွန်းတပ်ကြသည်။ တွင်းကြီးကျေးရွာအုပ်စုကသာမဟုတ် အခြားသောကျေးရွာများ(ကုန်းရွာ၊ လက်ပန်၊ ပဲတောင်း၊ ကင်းလေးတော) စသောရွာများကလည်း ဤဘုရားပွဲကို ရောက်အောင်လာကြသည်။

ရွှေယင်းမာရွာသို့ သွားရာလမ်းတစ်လျှောက်လုံး ခြေကျင်လမ်း၊ လှည်းလမ်းများဖြူးနေသည်။ သို့သော်လည်း ကျွန်တော်တို့လူငယ်များက ခြေကျင်လမ်းမှ သွားရသည်ကိုသာ နှစ်သက်သည်။ လမ်းခရီးတွင် နှမ်းလျင်ခင်းများကို ဖြတ်ကျော်ရသည်။ ရွာမှထွက်ပြီး ယာနှစ်ကွက်၊ သုံးကွက်လောက် ကျော်သည်နှင့် အစားအသောက်၊ အကျွေးအမွေးဖြင့် ဧည့်ခံသည့် မဏ္ဍပ်သဖွယ် တဲငယ်ကလေးများကို တွေ့ရသည်။ လက်ဖက်သုပ်၊ ချင်းသုပ်၊ မုန့်ဆီကြော်၊ မုန့်ညာတစ်ရာ၊ မုန့်ကတိုးဝါ စသည်တို့ကို စားလိုရာရာ စားနိုင်သည်။

လုလင်ပျို၊ လုံမပျိုများသနပ်ခါးတစ်ကွက်၊ ချွေးတစ်စက်ဆိုသလို အလှပျက်မည်ထင်လျှင် အလှပြင်ဖို့ မန်ကျည်းပင်ကြီးများ၏အရိပ်တွင် ကျောက်ပျဉ်ကြီးများ၊ သနပ်ခါးတုံးများ၊ ဘီးများ၊ မှန်များ အဆင်သင့်ထားပေးသည်။ ဤသို့ဖြင့် ရွှေယင်းမာရွာရောက်တော့ ကြော့ကြော့မော့မော့လေးဖြင့် ဘုရားပွဲဈေးတန်းလျှောက်လှမ်းနိုင်သည်။ ငယ်စဉ်က မကြာခဏရောက်ခဲ့ရသော ရွှေယင်းမာရွာက ရွှေရင်နာဘုရားကြီးကို ယခုတော့ဖြင့် မဖူးရတာကြာလေပြီ။ ဘုရားအမည်က ရွှေရင်နာ၊ ဘုရားတည်သူက ကျန်စစ်သားမင်းကြီး။ ကျွန်တော့်ကိုမွေးဖွားခဲ့သည်မှာ မြောင်မြို့နယ်တွင်ဖြစ်လေသည်။ မြောင်နှင့်မြင်းမူကား ၁၄ မိုင်ခန့်သာကွာဝေးသည်။ အဖေက မြင်းမူမြို့နယ်သား၊ အမေက မြောင်မြို့နယ်သူ၊ မြင်းမူမြို့နယ်ရော မြောင်မြို့နယ်ပါ ကျန်စစ်သားနှင့် တရင်းတနှီးရှိလှသည်။ ရှိဆို ကျန်စစ်သားသည် မြောင်မြို့နယ် ပရိမ္မရွာဇာတိပင်မဟုတ်ပါလား။

ကျွန်တော်တို့ငယ်စဉ်ကတည်းက ကျန်စစ်သားမင်းသားနှင့် အနော်ရထာမင်းတရားကြီးတို့၏ အကြောင်းကို အိပ်ရာဝင်ပုံပြင်လို အမျိုးမျိုးကြားသိခဲ့ရဖူးသည်။ တကယ့်ရာဇဝင်ထဲမှာ ပါသည်၊ မပါသည်ထား ပါးစပ်ရာဇဝင်များကား စုံလင်လှဘိသည်။ အထူးသဖြင့် အနော်ရထာမင်းကြီးသည် ကျန်စစ်မင်းသားအား အမျက်တော်ရှ၍ အရိန္ဒမာလှံဖြင့် ထိုးလိုက်သည့်အခန်း၊ ထိုးသည့်လှံက ကျန်စစ်သားကို မထိ၊ နောင်တည်းထားသော ကြိုးစကိုထိသည်။ နှောင်ကြိုးပြေလေသော် အရိန္ဒမာလှံကို ကောက်ယူ၍ မင်းပရိသတ်အကြားမှ ကျန်စစ်သားထွက်ပြေးလွတ်မြောက်ခဲ့လေသည်။

မင်းမျက်သင့်၍ မင်းနှင့်ဝေးရာ ပြေးခွာရှောင်တိမ်းရသော ကျန်စစ်သား၏ ဘဝခရီးလမ်းကားကြမ်းတမ်းခက်တရော်လှပေသည်။ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်တို့ကား ကျန်စစ်သား၏ ပြေးလွှားပုန်းအောင်းနားခိုရာဒေသများပင်ဖြစ်တော့သည်။

ကျန်စစ်သားပြေးလွှားခဲ့ရာ နေရာများတွင် ကျောက်တုံးကြီးများတန်းနေသော နေရာကို ကျောက်တန်း၊ ပြေးလွှားရင်း မီးအလိုရှိ၍ ကျောက်ပြားချင်းခတ်၍ မီးကူးသည့်နေရာကို ကျောက်ခတ် (ယခုကျခတ်)၊ မင်းချင်းများနောက်က လိုက်လာ၍ ပရိမ္မနှင့်ကျောက်တန်းကြားရောက်သော် မန်ကျည်းပင်၏ပင်စည်ကြီးက ကူညီမစသောအားဖြင့် ပုန်းခိုနိုင်လောက်အောင် ဝှက်ထားပေးသောနေရာကို မစမန်ကျည်းပင် (ကူညီမစသော မန်ကျည်းပင်ဟူလို) ဟူ၍ ယနေ့တိုင်ခေါ်ဝေါ်လျက်ရှိကြသည်။ ဤသည်များက မြောင်မြို့နယ်မှ ရွာတချို့သာဖြစ်သည်။

မြင်းမူမြို့နယ်မှာလည်းရှိပါသည်။ ကျန်စစ်သားက ဆာလောင်မွတ်သိပ်၍ ပဲတောင်းစားသောရွာကို ပဲတောင်း၊ မောမောနှင့်အိပ်ချင်လာသဖြင့် လက်တွင်းက အရိန္ဒမာလှံကို ချုံပုတ်အတွင်းပစ်ထည့်လိုက်ရာ ကျန်စစ်သားကိုဖမ်းဆီးရန်ချောင်းနေသော မင်းချင်းယောက်ျားသုံးယောက်ကို လှံတံဖြင့် ထိုးသတ်လိုက်သကဲ့သို့ဖြစ်ပြီး မြေသို့မလဲဘဲ သီတံဖြင့်သီထားသည့်ပမာ အတွဲလိုက်ရှိနေသောနေရာကို မလဲသီရွာစသည်ဖြင့် ဟုတ်သည်၊ မဟုတ်သည်အတိအကျ မသိရသော်ငြား၊ ယနေ့တိုင် ပြောဆိုခေါ်ဝေါ်နေကြသည်ကတော့ အမှန်ပင်။ ရွှေယင်းမာရွာသို့ ကျန်စစ်သားရောက်ရှိပုန်းအောင်းနေထိုင်ခဲ့ဖူးသည်။ သစ်သီးဝလံပေါ်များကြွယ်ဝ၍တောအုပ်လည်းကောင်းလှသော ဤနေရာကား ကျန်စစ်သားကာလအတန်ကြာနေထိုင်ခဲ့သည်ဟု ဆိုကြသည်။ ဘုရားကြီးတစ်ဆူပင် တည်ထားကိုးကွယ်ခဲ့လေသည်။

**"ရွှေရင်နာဘုရား"**တဲ့။

ရွှေရင်နာဘုရားကြီးကား သပ္ပာယ်လှသည်။ ရွာသားများ ခေတ်အဆက်ဆက်မွမ်းမံပြုပြင်ခဲ့သည်ဖြစ်၍ တည်ထားပြီးခါစဘုရားကြီးပမာ ထည်ထည်ဝါဝါရှိလှသည်။ ကျွန်တော်တို့နယ်သူ၊ နယ်သားများသည် ဝါဆိုဦးကာလရောက်၍ ဘုရားပွဲတော်ရောက်လေလျှင် မရောက်ရောက်အောင် ပြန်တတ်ကြသည်။ ငယ်စဉ်ကတော့ ဘုရားပွဲသွားရတာ အဖော်အပေါင်းများနှင့်ပျော်ရွှင်မှုကို ရှေ့တန်းတင်ခဲ့သည်မှာ အမှန်ပင်။

သို့သော်လည်း အသက်အရွယ်လေးရလာပြီး စဉ်းစားတတ်လာတော့ ကျန်စစ်သားနှင့်ရွှေရင်နာကို မကြာခဏ ယှဉ်တွဲတွေးတောမိလေသည်။ ဘုရားကြီး၏ဘွဲ့တော်က ဘာကြောင့်ရွှေရင်နာဖြစ်ရတာလဲ။ ကျန်စစ်သားက ရင်နာလို့တည်တယ်ဆိုတော့ ဘယ်သူ့ကို ရွှေရင်နာရတာပါလဲ။

ပုဂံပြည့်ရှင် သူ့သခင်အနော်ရထာမင်းကြီးကိုလား။ စဉ်းစားကြည့်မိသည်။ စစ်သည်တော်လေးသိန်းတမျှ အားထားရပါတယ်ဆိုတဲ့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဆိုတဲ့ လေးဦးထဲမှာ ကျန်စစ်သားက အဓိကမဟုတ်ပါလား။

ဥဿာပဲခူးကိုကျူးကျော်လာတဲ့ တိုင်းတစ်ပါးသားတွေကို ကျန်စစ်သားဦးဆောင်ပြီး ချေမှုန်းခဲ့တာ မဟုတ်ပါလား။ ဒါနဲ့တောင် ဥဿာပဲခူးမင်းဆက်သတဲ့ သမီးတော်"ခင်ဦး"ဆိုတဲ့ မင်းသမီးလေးကို အကြောင်းပြုပြီး အနော်ရထာမင်းကြီး မျက်မာန်ရှကာ လှံနှင့်ထိုးခဲ့သည်ကတော့ ရက်စက်လွန်းရာ မကျပေဘူးလား။

ဟုတ်တော့လည်း ဟုတ်ပါသည်။ လောကမှာ တာဝန်ကျေပွန်အောင်ဆောင်ရွက်ပေးသည်။ အရှင့်အပေါ်သစ္စာရှိသည်ဆိုတာ သက်သေပြစရာမလို အောင်ထင်ရှားလှပေမဲ့အချစ်ဆိုတာ ပေးတဲ့သူရဲ့ ရင်ထဲမှာပဲရှိသည်ကိုး။ အကြိမ်တစ်ရာမက အကျိုးဆောင်ခဲ့ပေမဲ့ တစ်ကြိမ်လောက်အကျိုးမဲ့ကို ဖြစ်စေတယ်ဆိုရင်...။

အို...မဟုတ်သေးပါဘူး။ အနော်ရထာမင်းကြီးအပေါ် ကျန်စစ်သား ဒီလိုမမြင်တန်ရာကောင်းပါဘူး။ သခင့်အပေါ် အမြဲအကောင်းမြင်လေ့ရှိတဲ့ ကျန်စစ်သား ရင်နာမိတာဟာ အနော်ရထာမင်းကြီးကို မဖြစ်နိုင်ပါဘူး။ ဒီလိုဆိုပြန်တော့ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့ ကဗျာလေးထဲက-

"မြင်ကတဲရယ်က ရင်ထဲမှာစွဲခဲ့ရတဲ့ မဏိစန္ဒာ" ဆိုတဲ့ မိန်းမလှလေးကိုပဲ စိတ်နာရှာလေသလား။ ငါကတော့ သူ့ကိုတန်ဖိုးထားလိုက်ရတာ။ မင်းဘဏ္ဍာကိုယ့်ဟာမမှတ်သလို မြတ်နိုးမှုရင်မှာထားခဲ့ပေမဲ့ အကြင်နာတရားကိုလည်း ထုတ်ဖော်လှစ်ဟမပြခဲ့ရပါဘူး။ အခုတော့ သူ့အတွက်နဲ့ ငါဟာ ရာဇဝတ်သားဖြစ်ခဲ့ရပြီ။ ငါဟာ အဝေးတစ်နေရာကို ပြေးနေရပါပြီ။ ဒီအချိန်မှာ သူကတော့ ဘုရင်မင်းတရားကြီးရဲ့ ရင်ခွင်ထဲမှာ...။

အမှန်စင်စစ် ဤသည်တို့မှာ ကျွန်တော်၏အတွေးအခေါ်များသာဖြစ်ပါသည်။ ကျန်စစ်သားသည် ဘယ်သို့သောအကြောင်းများကြောင့် ရွှေရင်နာလို့အမည်ရတဲ့ဘုရားကြီးကို တည်ထားခဲ့ရပါလေသလဲ။ ကျန်စစ်သားရင်နာခဲ့သူက အနော်ရထာမင်းကြီးကိုလား၊ မဏိစန္ဒာခင်ဦးကိုလား သို့မဟုတ် သူ့ဘဝအကျိုးပေးဆိုးလှတဲ့အတွက် သူ့အဖြစ်ကိုပဲ သူပြန်ပြီး ရင်နာရှာလေသလား။ ဤသို့သောအတွေးများ ရစ်ပတ်နှောင်ဖွဲ့လာသောအခါ ကဗျာစာဆို၏ရင်ထဲမှ ဖူးပွင့်လာသောကဗျာတစ်ပုဒ်ကို "ရွှေရင်နာဘုရား၌"ဟူ၍ အမည်ပေးခဲ့မိပါသည်။ ၁၉၈၃ ခုနှစ် မတ်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြခဲ့လေသည်။

**ရွှေရင်နာဘုရား၌**

- အရိန္ဒမာ၊ လှံစကြာလျှင်
  သည်းညှာရင်ဝ၊ မထိရဘဲ
  ကြိုးစကိုဖြတ်၊ လွတ်မြောက်လတ်သော်
  ထက်ရပ်အညာ၊ အနှံ့မှာလျှင်
  ခမျာရှောင်လျက်၊ တိမ်းကာထွက်သည်
  မင်းမျက်မပြေရှိသောကြောင့်။
- မင်းမျက်သင့်၍
  မင်းနှင့်ဝေးရာ၊ ရှောင်တိမ်းရာမှ
  မာလာပန်းခင်း၊ တသင်းသင်းနှင့်
  "ရွှေယင်းမာရွာ"၊ ရောက်သည့်ခါဝယ်
  သဒ္ဓါဆင့်ပွား၊ သူတည်ထားသည်
  ဘုရားအမည် ရွှေရင်နာ။
- ကျန်စစ်မင်းသား၊ ကုသိုလ်အားလျှင်
  ရွာသားရွာသူ၊ မမေ့မူ၍
  လှိုက်ဆူပျော်ရွှင်၊ ပွဲကြီးဆင်ကာ
  နှစ်စဉ်ကျင်းပ၊ ဝါဆိုလတိုင်း
  ရောက်ရခါခါ၊ အကျွန့်မှာလျှင်
  ကျောက်စာမှုန်ရေး၊ ကြည့်ရှုငေးရင်း
  အတွေးဤသို့ ဝင်သတည်း။
- "သခင့်အတွက် ၊ အသက်သေသေ
  အရေခန်းခန်း ၊ ကြိုးပမ်းခဲ့သည်
  အာဇာနည်"ဟု
  စွမ်းရည်ကိုမျှ၊ မထောက်ဆဘဲ
  ကြီးစွအငြိုး၊ လှံနှင့်ထိုးသော
  တန်ခိုးတော်ရှင်၊ သူ့သခင်ကို
  ရွှေရင်နာခဲ့ လေသလော။
- သို့မဟုတ်ငြား၊ နှလုံးသားမှ
  စကားလှိုင်လှိုင်၊ မဆိုနိုင်အောင်
  မပိုင်ပန်းကြောင့်၊
  သောကမှောင့်၍
  ကြောင့်ကြပူဆွေး၊ ရင်မအေးဘဲ
  တွေးတိုင်းအပြစ်၊ တသစ်သစ်နှင့်
  အချစ်လည်းဆုံး၊ သခင်မုန်းကာ
  ရှုံးရမရှင်၊ သူ့ဖြစ်အင်ကို
  ရွှေရင်နာခဲ့လေသလော။ ။

# တေးသံရှင် ပလေးဘွိုင်သန်းနိုင်၏ One Night Only တေးဂီတ ဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ HEXAGON Complex ၌ ပြုလုပ်မည်




ရန်ကုန် ဇူလိုင် ၁၆

တေးသံရှင် ပလေးဘွိုင်သန်းနိုင်၏ One Night Only တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ HEXAGON Complex ၌ ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဇော်ပိုင်ထံမှ သိရသည်။

တေးသံရှင် ပလေးဘွိုင်သန်းနိုင်၏ One Night Only တေးဂီတဖျော်ဖြေပွဲတွင် ပလေးဘွိုင်သန်းနိုင်နှင့်အတူ တေးသံရှင် ဇော်ဝင်းထွဋ်၊ ချစ်ကောင်း၊ လေးဖြူ၊ ရင်ဂို၊ ဂရေဟမ်၊ မျိုးကြီး၊ ဇော်ပိုင်၊ ဖြိုးကြီး၊ ဝေလ၊ ပြည့်ဖြိုးစိန်လွင်၊ မေခလာ၊ ဟေမာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ ထက်ထက်ပုလဲတို့က အမှတ်တရသီချင်းကောင်းများစွာကို Play Boy Music Band နှင့်တွဲဖက်ကာ အကောင်းဆုံးဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ငယ်ငယ်ကတည်းက လေးစားချစ်ခင်အားကျရတဲ့ ဂန္ထဝင်စတူဒီယို တေးသံရှင် ပလေးဘွိုင်သန်းနိုင်ရဲ့ အမှတ်တရဂီတညတစ်ညဖြစ်တဲ့ One Night Only တေးဂီတဖျော်ဖြေပွဲမှာ ဂီတညီအစ်ကိုမောင်နှမတွေနဲ့အတူတူ အမှတ်တရသီဆိုခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ လာရောက် အားပေးကြပါအုံးလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု တေးသံရှင် ဇော်ပိုင်က ပြောပြသည်။

တေးသံရှင် ပလေးဘွိုင်သန်းနိုင်၏ One Night Only တေးဂီတဖျော်ဖြေပွဲကို HEXAGON Complex ၌ ဩဂုတ် ၁၅ ရက် ညနေ ၆ နာရီမှစတင်ကာ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ASH

# Love Love အချစ်ဟာသဇာတ်ကား၌ မင်းသား တိုင်ရစ်ဝမ်သာ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇူလိုင် ၁၆

Amazon MGM စတူဒီယို၏ Love Love အချစ်ဟာသဇာတ်ကားတွင် မင်းသား တိုင်ရစ်ဝမ်သာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

Love Love ဇာတ်ကားတွင် မင်းသား တိုင်ရစ်ဝမ်သာသည် မင်းသမီး အစ္စဘဲမေနှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် တင်းနစ် အားကစားလောကနောက်ခံအချစ်ဟာသ ဇာတ်ကားအမျိုးအစားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိုယေးပါဝါက တာဝန်ယူပုံဖော် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Love Love ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျိုယေးပါဝါက ဇာတ်ညွှန်းရေးဆရာ ဒန်နီယယ်ဆွာရန်းဘက်ကာနှင့်အတူ ပူးတွဲရေးသားပေးထားကြောင်း သိရသည်။

Love Love ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ဆောင်းရာသီတွင် နယူးယောက်မြို့၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် ဇော်ဝင်းထွဋ်၊ ဟေမာနေဝင်းတို့၏ THE 90's LEGENDS ARE BACK! တေးဂီတပွဲကို Yangon Social F & B Music Kids Palyground ၌ ပြုလုပ်မည်ဖြစ်

ရန်ကုန် ဇူလိုင် ၁၆

တေးသံရှင် ဇော်ဝင်းထွဋ်၊ ဟေမာနေဝင်းတို့၏ THE 90's LEGENDS ARE BACK! တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F & B Music Kids Palyground ၌ ဇူလိုင် ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဟေမာနေဝင်းထံမှ သိရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ဟေမာနေဝင်းတို့၏ THE 90's LEGENDS ARE BACK! တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏သီဆိုဖျော်ဖြေမှုများကို The Emperor Band မှ အကောင်းဆုံးကူညီတီးခတ်ပေးမည်ဖြစ်ပြီး Rock & Blues တေးသီချင်းများကို အကောင်းဆုံးဖျော်




ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ကိုညီထွဋ်နဲ့က Yangon Social မှာ ဒုတိယအကြိမ် တွေ့ဆုံမှုပါ။ သူနဲ့ငယ်ငယ်က အတူတူ စုံတွဲဆိုထားတဲ့ သီချင်းလေးတွေလဲဆိုဖြစ်မှာပါ။ သီချင်းတွေကတော့ အားလုံးကြိုက်မဲ့လိုက်လဲဆိုလို့ရမဲ့ သီချင်းတွေ တော်တော်များများရွေးထားပါတယ်။ လာခဲ့ကြဖို့ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဟေမာနေဝင်းက ပြောပြသည်။

တေးသံရှင်ဇော်ဝင်းထွဋ်၊ဟေမာနေဝင်းတို့၏ THE 90's LEGENDS ARE BACK! တေးဂီတဖျော်ဖြေပွဲကို Yangon Social F & B Music Kids Palyground တွင် ဇူလိုင် ၂၅ ရက် ည ၇ နာရီမှစ၍ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ASH

# Avengers:Doomsday ဇာတ်ကားအတွက် ကြိုတင်လက်မှတ်များ ဇူလိုင် ၂၀ ရက်တွင်စရောင်းမည်

နယူးယောက် ဇူလိုင် ၁၆

Avengers:Doomsday စူပါဟီးရိုးဇာတ်ကားအတွက် ကြိုတင်လက်မှတ်များကို ဇူလိုင် ၂၀ ရက်တွင်စတင်ရောင်းချရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

Avengers:Doomsday ဇာတ်ကားအတွက် လက်မှတ်များကို အမေရိကန်ပြည်တွင်း၌ ဇူလိုင် ၂၀ ရက်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း မာဗယ်စတူဒီယိုက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဇာတ်ကား၏ပြသချိန်မှာလည်း ၁၆၅ မိနစ် (၂နာရီ ၄၅ မိနစ်) ကြာမြင့်မည်ဖြစ်ပြီး Avengers : Doomsday ဇာတ်ကားပြသချိန်သည် Avengers : Infinity War(2018) ထက်ပိုရှည်လျားပြီး Avengers: Endgame (2019)ထက် ပိုတိုကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Avengers: Doomsday ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင်ရုံတင်ပြသရန်စီစဉ်ထားပြီး အဆိုပါ ဇာတ်ကားကို ဒါရိုက်တာဂျိုးရပ်ဆိုးနှင့် အန်ဘိုနီရပ်ဆိုးတို့က ရိုက်ကူးပေးထားပြီး မင်းသား ရောဘတ်ဒေါ်နေးဂျူနီယာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မီချယ်ရုပ်ရှင်ဇာတ်ကားမှ ဒါရိုက်တာနှင့် သရုပ်ဆောင်များက စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရားတွင် ကြာဆံကြော်စတုဒိသာလှူဒါန်း



ရန်ကုန် ဇူလိုင် ၁၆

ဇူလိုင်၂၄ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် မီချယ်ရုပ်ရှင်ဇာတ်ကားမှ ဒါရိုက်တာနှင့် သရုပ်ဆောင်များက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားတွင်ကြာဆံကြော်စတုဒိသာလှူဒါန်းခြင်းကို ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ချောရတနာထံမှ သိရသည်။

မီချယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး ဒါရိုက်တာ မယ်မင်းဘုံကပင် ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ပြီးခဲ့တဲ့ရက်ကလဲ မြန်မာနိုင်ငံအော်တစ်ဇင်အသင်းကို ငွေကျပ်သိန်း ၁၀၀ လှူခဲ့ပါတယ်။ ဒီနေ့ကတော့ အစ်မတို့လဲ မင်္ဂလာပိုရှိသွားအောင် ဘုရားလာဖူးတဲ့သူတွေကို ကြာဆံကြော်လှူတာပါ။ ဒီကားမှာ ချောတို့က အော်တစ်ဇင်တွေနဲ့ ပတ်သက်ပြီး ပညာပေးချင်တာပါ။ ရည်ရွယ်တဲ့အတိုင်း အောင်မြင်တယ်လို့ပြောလို့ရပါတယ်။ ဒီဇာတ်ကားအတွက် ပီတိကတော့ ထက်ဝက်ဖြစ်နေပါပြီ"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

မီချယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ချောရတနာ၊ ရတနာဗို၊ ဆုအိမ့်စံ၊ စံထိပ်ထားဦး၊ ချိုပြုံး၊ ညွှေ့သည်သရုပ်ဆောင် ညီနန္ဒ၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Ceremony marking the inauguration of the Nursing Institute (Nay Pyi Taw) and other similar institutes in regions and states held, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing



**President U Min Aung Hlaing addresses the ceremony to mark the inauguration of the Nursing Institute (Nay Pyi Taw) and other similar institutes in regions and states.**

**Nay Pyi Taw July 16**

A ceremony marking the inauguration of the Nursing Institute (Nay Pyi Taw) and other similar institutes across 14 regions and states took place at the Nay Pyi Taw institute this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present were Vice President U Nyo Saw, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council chairman, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, departmental personnel of the ministries, principals, matrons, teachers of the institute, nurses of the nurses of the Nay Pyi Taw hospital (1000 bed), students and officials. Region/state chief ministers and officials, principals of the institutes, matrons, teachers and students attended the ceremony through video conferencing.

First, the President arrived at the Nursing Institute (Nay Pyi Taw), and was welcomed by the Union Minister for Health and officials.

At the ceremony, the Nursing Institute (Nay Pyi Taw) and the other institutes were opened simultaneously by pushing the button with the nursing lamp: the light of compassion.

The President and attendees watched the song "Nursing institute, the strength of nurses" staged by instructors and trainees of the Nay Pyi Taw institute.

In his keynote address, the President said the higher education and physical fitness of all citizens is fundamental in building a modern and developed country. Hence, a policy on health and fitness promotion of the entire country is being implemented. In doing so, provision of healthcare service that directly benefit the people and the universal health coverage has been prioritized. The President said



**President U Min Aung Hlaing sprinkles scented water on the plaque of the Nursing Institute (Nay Pyi Taw).**

he has been promoting the health sector from all angles, with the conviction "Nothing matters more than life", and the current administration continues to carry out the task. However brilliant and educated, a person will not be able to shoulder the assigned duties and conduct beneficial undertakings if he is not healthy. Hence, physical and mental health of the entire people must be prioritized.

The country must train and produce more human resources for health to ensure all accessible healthcare, the foundation of uplifting health and fitness of the entire people. The country now has six medical institutions of higher learning – five universities run by the Ministry of Health and the Faculty of Medicine opened at the Naypyitaw State Academy in 2023 -- and 11 medical related universities, totalling, 17 to generate human resources for health.

Of the 15 nursing schools and midwifery schools that are taking the core duties of the healthcare, 15 were upgraded into nursing institutes today. The institutions in Nay Pyi Taw and regions and states, which opened today, have become the medical science centres vital for the development of human resources for health that can bring about skilled and nurses and midwives, with full of humanity and empathy, apart from developing the nation's health system.

As the country is generating nurses and midwives, the core of the all-accessible healthcare, it has brought about 45,245 nursing diploma holders and 42,524 midwifery diploma holders to this date. These diploma holders are dutifully providing healthcare services as State employees.

In addition, 5946 trainees are attending the three-year nursing-midwifery diploma course and another 1035 trainees, the two-year all-round midwifery course opened at nursing institutes and nursing schools with the aim of enabling all to get access to healthcare in the academic year 2026. The country is producing nurses and midwives annually, and will accept 2900 more trainees for the three-year nursing-midwifery course and 1400 trainees for the two-year midwifery course in academic year 2027, alongside the upgrading of the nursing institutes.

A goal has been set to generate qualified nurses and midwives that can catch up with their counterparts of Southeast Asian nations, apart from increasing their population. They are being trained under the Outcome-Based Curricula that meets the international standard. According to the national education level framework, these diploma courses are only for the persons who have passed the matriculation examination. Certificate of acknowledgement that guarantees nursing and midwifery qualifications that include the eight-point international norms of the Myanmar Nurses and Midwives Council will be presented to the trainees.

*See Page 13*



**President U Min Aung Hlaing inspects the training room of the Nursing Institute (Nay Pyi Taw).**

# Vice President Daw Nan Ni Ni Aye receives Xizang Party Secretary Wang Junzheng and Delegation



**Vice President Daw Nan Ni Ni Aye receives Mr. Wang Junzheng, Secretary of the Party Committee of the Xizang Autonomous Region of the Communist Party of China, at the Nyingchi Rui Crown Hotel.**

**Nyingchi July 16**

Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar, who is in Nyingchi (Linzhi), Xizang Autonomous Region, People's Republic of China, to attend the Fifth International Forum on Trans-Himalayan Cooperation, met this evening at the Nyingchi Rui Crown Hotel with a delegation led by Mr. Wang Junzheng, Secretary of the Party Committee of the Xizang Autonomous Region of the Communist Party of China.

During the meeting, the two sides exchanged views on expanding cooperation between Myanmar and the Xizang Autonomous Region in culture, trade, renewable energy, and investment. They also discussed promoting tourism through exchanges in Buddhist literature and cooperation in preserving historical heritage, sharing technologies in the agriculture and livestock sectors, and strengthening collaboration in traditional medicine and the micro, small and medium-sized enterprise (MSME) sector.

The meeting was attended by Deputy Ministers U Naing Min Kyaw and Dr. Thaung Naing Oo, members of the Myanmar delegation, and Mr. Wang Junzheng, together with officials from the Xizang Autonomous Region.

In the evening, Vice President Daw Nan Ni Ni Aye attended the welcoming dinner for the Fifth International Forum on Trans-Himalayan Cooperation, alongside heads of state, senior representatives, and delegates from participating countries.

MNA

---

*From Page 12*

Moreover, trainees will get the step-by-step opportunities to attend doctorate degree courses in the country and abroad. In this regard, nursing schools have been upgraded into institutions.

In line with the State's policy of ensuring balanced development throughout the country, 15 nursing and midwifery training schools located in Nay Pyi Taw Union Territory, regions and states have been upgraded and officially opened as nursing institutes with recognized standards. Through this upgrade, the healthcare human resource requirements of each region and state will be better fulfilled. The remaining 27 nursing, midwifery and related training schools have also been upgraded in terms of their organizational structures as a priority within the first 100-day plan of the new government. This is not only a measure to enhance the healthcare sector but also a recognition and tribute to nurses and midwives. The President urged that solid foundations and systematic training must be provided to produce nurses and midwives who will become the future healthcare human resources of the country, and that they be educated and trained to become truly competent and outstanding professionals in nursing and midwifery.

Whenever the country has faced pandemics, natural disasters and emergencies, nurses and midwives have served as frontline responders, setting aside their own safety and difficulties to protect and care for the lives and health of the people. The State deeply respects and takes pride in their dedicated efforts, sacrifices and selfless contributions. The four nurses and midwives from Myanmar who received the internationally recognized Florence Nightingale Award were conferred the Wunna Kyaw Htin title in 2023, while the President of the Myanmar Nurse and Midwife Council was awarded the Theikpa Kyaw Swa title in 2025. National-level honorary medals and titles have also been awarded annually in due recognition of the achievements and contributions of deserving nurses and midwives.

In addition, based on the responsibilities shouldered by government-employed nurses and the advancement of nursing education, starting from the 2026-2027 financial year, nurses have been granted equal recognition and benefits in line with other skilled government professionals, including salary increments according to their ranks and positions, as well as additional allowances. It is also acknowledged that the Ministry of Health has been laying a strong foundation to strengthen the "healthcare human resource structure" required by the State.

All nursing institutes and training schools that have been upgraded in this manner must expand classrooms in accordance with their requirements and systematically utilize facilities such as libraries, computer rooms and simulation-based practical training rooms for skills development. The curricula must also be continuously reviewed, updated and revised in line with current developments. Efforts must be made to ensure adequate recruitment and placement of teaching staff, and to adopt modern teaching methods to further enhance students' critical thinking skills, clinical competency and professionalism. It is also necessary to provide capacity-building opportunities to ensure that teaching staff and the quality of education remain at a high standard. As the future healthcare system is transforming into a technology-based system, students are encouraged to strive to improve their research skills, digital technology capabilities, ability to utilize artificial intelligence (AI) technology and English language proficiency. Likewise, all relevant stakeholders are urged to work together to maintain the good image, cleanliness, pleasant environment and beauty of the campuses. In accordance with the motto "Keep Your Campus Clean", students and staff are encouraged to enhance the reputation of their schools by maintaining a neat and attractive environment.

Especially, the President urged trainees to persistantly study nursing and midwifery professions as well as read good literary works which can broaden their scopes of knowledge. Moreover, they should never forget that the humanity, loving care, tenderness and compassion demonstrated by nurses constitute "The Art of Nursing", a professional art of caregiving that cannot be replaced by any material objects or machines. I would like to earnestly remind them to take pride in this noble profession and to respect and value it highly.

In striving for the development of the nation and the improvement of the socioeconomic conditions and health of the people, "nurses" and "midwives", who provide accessible healthcare services to the public, are urged to faithfully discharge their duties and responsibilities in accordance with their dignity and professional ethics. They are also urged to provide their services with goodwill and a sense of responsibility in order to fulfil the objectives of the Ministry of Health, namely enabling every person to enjoy a long and healthy life expectancy and ensuring that everyone is free from diseases.

Furthermore, they are encouraged to continuously strive from the health sector for Myanmar to stand with dignity as a modern and developed nation in the international community, and to nurture and train themselves to become qualified, outstanding and capable nurses and midwives who, with patriotism, love for the nation and unity, can contribute to the future stability, peace and development of the country.

The President and attendees watched a documentary video clip on opening of the institites of nursing.

Afterwards, trainees from the Institute of Nursing (Nay Pyi Taw performed the entainment with a song "The Light of Compassion". Union Minister for Health Dr Thet Khaing Win spoke words of thanks and respectfully presented a commemorative gift marking the opening of Institute of Nursing (Nay Pyi Taw) to the President.

The President had documentary photos taken togeher with attendees.

The President, Vice President U Nyo Saw and Commander-in-Chief of Defence Services General Ye Win Oo sprinkled scented water on the plaque at the lecture hall of the institute.

The President and party viewed round practical and theoretical training at the library, computer pool, lecture hall, discussion room, and simulator training room of the institute and gave necessary guidance to the Union Minister for Health and officials.

MNA

---

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw regains control over Thantlang town and its surrounding areas, continues regional development activities



**Photo documenting how terrorist insurgents have destroyed other departmental buildings in Thantlang town and are using them as military camps."**

**Nay Pyi Taw July 16**

The government has been expending funds and numerous resources to implement measures aimed at ensuring stability, peace, and comprehensive development in urban and rural areas of Chin State. However, the joint groups of terrorists and insurgents operating under the names CNF and CDF have sought to halt government administrative mechanisms in towns and villages within Chin State and to establish their own arbitrary rule. They have offered inducements under the guise of regional welfare to gain the support of local residents. In reality, however, they have instigated conflicts in towns and villages, causing significant loss of life, property, and livelihoods among the populace. Local residents have been forced to abandon their homes and become temporarily displaced, while their education, healthcare, and socio-economic conditions have deteriorated across multiple dimensions.

Furthermore, the CNF and CDF terrorist-insurgent joint groups—proxies of the NUG and CRPH terrorist organizations—have been attempting to destabilize Thantlang town in Chin State since February 2023. To disrupt government administrative mechanisms, they have employed overwhelming force and disproportionately heavy artillery against security personnel stationed in Thantlang. They have used government offices, religious buildings, schools, hospitals, and residential structures—none of which are military targets—as cover to launch attacks. Despite the security forces' courageous and resolute resistance, they sustained increasing casualties, diminishing ammunition supplies, adverse weather conditions, challenging terrain, and growing damage to local residents' homes and government buildings. As a result, they temporarily withdrew from Thantlang.

During the period when the terrorists and insurgents temporarily controlled Thantlang, they forcibly seized and utilized household goods and valuables from residential buildings. They also constructed bunkers, trenches, and communication tunnels within non-military targets such as government offices, religious buildings, schools, and hospitals, fortifying defensive positions to prepare for urban warfare. In response, Tatmadaw columns devised plans and conducted necessary preparations to recapture the area with minimal damage to government buildings and residential structures. Through a counter-terrorism operation, they successfully fully recaptured Thantlang town on October 29, 2023, inflicting heavy casualties on the terrorists and insurgents, who fled in disarray.

Suffering significant losses, the CNF and CDF terrorist-insurgent joint groups regrouped, replenished personnel and munitions, and launched a second assault on Thantlang on July 22, 2024, catching the security forces off guard with superior manpower and firepower. The security forces fought valiantly and determinedly to prevent the town from falling into enemy hands. However, due to the insurgents' massive reinforcements and escalating damage to civilian homes and government buildings, the security forces temporarily withdrew from certain areas within Thantlang while maintaining pressure on the enemy.

To regain control over the temporarily abandoned areas in Thantlang, Tatmadaw columns made necessary preparations and, from June 12, 2026, resolutely and tirelessly undertook operations amid numerous challenges. They successfully recaptured the township police station on June 13; Basic Education Primary School No. 3 on June 19; Basic Education High School No. 1 on July 5; the public hospital on July 8; the township fire station on July 12; and the hotel zone area on the evening of July 15. As a result, Thantlang town has now been fully recaptured and brought under complete control as of today.

As Tatmadaw columns fought back bravely step-by-step to regain control of Thantlang, they captured bodies, various weapons, ammunition, and related equipment from the joint terrorist insurgent groups during the operation period, while some security personnel noblelysacrificed their lives for the State and the Tatmadaw. *See Page 15*



**Photo documenting defensive preparations made by terrorist insurgents in the No. (1) school buildings in Thantlang town.**



**Construction of bunkers by terrorist insurgents inside the police station's family quarters in Thantlang town.**



**Construction of bunkers by terrorist insurgents inside the No. (1) Basic Education High School in Thantlang town.**



**Construction of bunkers by terrorist insurgents inside the township public hospital in Thantlang town.**



**Photo showing how terrorist insurgents have destroyed the hotel zone in Thantlang town and were using it as a military camp.**



**Seizure and recovery of weapons, ammunition, and related equipment belonging to terrorist insurgents.**

# With systematic detonation of 12 storey building used in online scams/gambling in Shwe Kokko, a total of 74 illegal residential building demolished

**Before demolition.**




**Illegal 12-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Karyin State.**

**After demolition.**




**Illegal 12-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**The scene of destruction using explosives.**




**Illegal 12-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw July 16**

Illegal buildings in Shwe Kokko and KK Park in Myawaddy Township in Kayin State used as bases for online scams/gambling are being permanently demolished and paraphernalia used in them is being systematically destroyed by interdepartmental teams and another 12-storey illegal building in Shwe Kokko was systematically detonated today.

Out of 77 buildings in Shwe Kokko area, 57 and 20 were respectively designated to be demolished by machinery and to be detonated based on their types and demolition tasks are systematically being carried out. Today, another 12-storey building out of 20 to be detonated was systematically levelled.

The interdepartmental teams have so far demolished 74 illegal buildings used in committing online scams/gambling and the three remaining illegal buildings will be knocked down systematically.

100

*From Page 14*

As Tatmadaw columns regained control of towns and villages temporarily dominated by terrorist insurgents in Chin State and managed to reopen communication routes, rehabilitation and relief materials are being transported in a timely manner to respective regions by military aircraft and vehicles in accordance with the guidance of the State Government to resume regional development activities as quickly as possible in those areas, while responsible officials from respective departments are also actively carrying out regional rehabilitation works.

When Tatmadaw columns completely regained control of the entire town of Thantlang, it was found that the terrorists had engaged in terrorist activities such as setting up temporary defensive bases by building bunkers, communication trenches, and foxholes inside non-military targets including government offices, religious buildings, hospitals, clinics, schools, and residential houses, and forcibly taking, using, and destroying utensils and valuables inside the houses and shops of local residents.

The terrorist organizations NUG and CRPH used various labels such as politics, race, and regional welfare to brainwash peaceful citizens with political propaganda, connected them with violence-seeking EAO groups, bred them as the so-called PDF terrorists, and ordered them to instigate battles in towns and villages across some regions and states, which in reality resulted in the destruction of towns and villages where local residents lived and forced the locals to abandon their buildings, homes, and properties to temporarily flee to areas free from fighting. At present, the public has developed a strong disgust, loathing, and hatred toward the terrorist acts of the so-called PDF terrorists, and as they can no longer tolerate them, they are actively cooperating in the Tatmadaw's regional stability and peace operations by reporting information on the movement and bases of the terrorists to nearby Tatmadaw columns.

As Tatmadaw columns have regained control of Thantlang and its surrounding areas in this manner, the local residents are greatly thankful, joyful, and proud, and it is reported that Tatmadaw columns, under the arrangement of the State Government, will cooperate and work together with responsible officials from respective departments and local residents to carry out as quickly as possible necessary regional rehabilitation works, such as providing necessary assistance for the local residents who had to temporarily flee their homes due to the battles in those areas to return and resettle in their native places, conducting mine clearance operations to ensure safety from mine hazards, repairing deteriorated infrastructure, and upgrading the socio-economic lives of local residents including education and health.

100



**Seizure and recovery of weapons, ammunition, and related equipment belonging to terrorist insurgents.**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ သူနာပြုသိပ္ပံများကို ကရုဏာအလင်းသူနာပြုဆီမီးဖြင့် စက်ခလုတ်နှိပ်၍ တစ်ပြိုင်တည်းဖွင့်လှစ်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ သူနာပြုအုပ်များ၊ သူနာပြုသိပ္ပံမှ သင်ကြားရေးဆရာ၊ ဆရာမများ၊ နေပြည်တော်ခုတင်(၁၀၀၀) သူနာပြုဆေးရုံမှ သူနာပြုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ သူနာပြုသိပ္ပံများမှ ပါမောက္ခချုပ်များ၊ သူနာပြုအုပ်များ၊ သင်ကြားရေးဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက Video conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သူနာပြုသိပ္ပံ(နေပြည်တော်)သို့ ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်အခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတက သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ သူနာပြုသိပ္ပံများကို ကရုဏာအလင်းသူနာပြုဆီမီးဖြင့် စက်ခလုတ်နှိပ်၍ တစ်ပြိုင်တည်းဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သူနာပြုသိပ္ပံများ ဖွင့်ပွဲအထိမ်းအမှတ် သူနာပြုသိပ္ပံ(နေပြည်တော်)မှ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ “သူနာပြုအားမာန်သူနာပြုသိပ္ပံ” တေးသီချင်းဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် နိုင်ငံသားအားလုံးပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျကြောင်း၊ ထို့ကြောင့်လည်း တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများအတွက် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်နှင့် မြို့ပြနှင့်ကျေးလက်ပါမကျန် ဆင်းရဲချမ်းသာမရွေးလူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု(Universal Health Coverage) ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သူနာပြုသိပ္ပံ(နေပြည်တော်)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။

“လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ”ဟူသည့်ခံယူချက်ဖြင့် မိမိတို့ တာဝန်ယူခဲ့သည့်ကာလတစ်လျှောက်လုံး ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်မှုကို ဘက်ပေါင်းစုံကဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခုအစိုးရသစ်ကာလတွင်လည်း ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး အသိပညာ၊ အတတ်ပညာပြည့်ဝကြသော်လည်း ကျန်းမာရေးမကောင်းပါက ပေးအပ်လာသည့်တာဝန်များနှင့် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံး၏စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးအတွက် ပြည်သူလူထုအားလုံးလက်လှမ်းမီနိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင်တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်အတွက် လိုအပ်နေသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် ဆေးတက္ကသိုလ် ငါးခုနှင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးပညာမဟာဌာနကြီး(Faculty of Medicine)ကို ထည့်သွင်းဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုဆိုပါက ဆေးတက္ကသိုလ် ခြောက်ခုနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်းတက္ကသိုလ် ၁၇ခုရှိလာပြီဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု၏အရေးကြီးသည့်အခန်းကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် သူနာပြု၊ သားဖွားများ မွေးထုတ်ပေးနေသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများအနက် ၁၅ ကျောင်းကို ယနေ့တွင် သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြုသိပ္ပံများသည် နိုင်ငံတော်၏ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အရည်အချင်းပြည့်ဝပြီး လူသားချင်းစာနာစိတ်အပြည့်ရှိသည့် သူနာပြုများ၊ သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်သည့် နိုင်ငံတော်၏ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကျန်းမာရေးပညာဗဟိုဌာနများဖြစ်လာပြီဟု ဆိုရမည်ဖြစ်ကြောင်း။

လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဓိကကျသည့် သူနာပြုနှင့် သားဖွားစွမ်းအားစုများကို မွေးထုတ်ပေးလျက်ရှိရာ ၁၉၆၂ ခုနှစ်မှ ယနေ့ထိ သူနာပြု-သားဖွားဒီပလိုမာရရှိသူ ၄၅၂၄၅ ဦး၊ သားဖွား ၄၂၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

ထို့ပြင် ပြည်သူတိုင်းကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီ အလွယ်တကူရရှိစေရန်ရည်ရွယ်ပြီး ယခု ၂၀၂၆ ခုနှစ် ပညာသင်နှစ်၌ သူနာပြုသိပ္ပံနှင့် သူနာပြုသင်တန်းကျောင်းများတွင် သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၉၄၆ ဦးနှင့် သားဖွားသင်တန်းကျောင်းများတွင် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းကျောင်းသူ စုစုပေါင်း ၁၀၃၅ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ နှစ်စဉ်သူနာပြုနှင့်သားဖွားများ တိုးမြှင့်မွေးထုတ်ပေးလျက်ရှိပြီး ယခု ၂၀၂၇ ခုနှစ်ပညာသင်နှစ်တွင် သူနာပြုသိပ္ပံများ အဆင့်မြှင့်တင်မှုနှင့်အတူ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းအတွက် သစ်လွင်သင်တန်းသား၊ သင်တန်းသူဦးရေ ၂၉၀၀ နှင့် ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းအတွက် သင်တန်းသူဦးရေ ၁၄၀၀ ထိ တိုးမြှင့်ခေါ်ယူ လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်း။

အရေအတွက် တိုးမြှင့်မွေးထုတ်ရုံသာမက အရည်အသွေးပိုင်းတွင်လည်း မြန်မာနိုင်ငံ၏သူနာပြုနှင့်သားဖွားပညာရေးကို အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့်သားဖွားများ မွေးထုတ်ပေးနိုင်ရန် ရည်မှန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲထားသည့် ရလဒ်အခြေပြုသင်ရိုးညွှန်းတမ်းများနှင့် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိပြီး အမျိုးသားပညာရေးအဆင့် မူဘောင်အရ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသာတက်ရောက်ရသည့် အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ နိုင်ငံတကာသတ်မှတ်စံနှုန်း ရှစ်ခုပါဝင်သည့် သူနာပြုနှင့်သားဖွားပညာရေးနှင့်လုပ်ငန်းအရည်အသွေးအာမခံမှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းလည်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များတွင် သူနာပြုပါရဂူဘွဲ့အဆင့်ထိ အဆင့်ဆင့်တက်လှမ်းသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သောကြောင့် သူနာပြုပညာရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် သူနာပြုသင်တန်းကျောင်းများကို ယခုကဲ့သို့သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့ပြင် တစ်နိုင်ငံလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်၏မူဝါဒနှင့်အညီ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းကိုလည်း သူနာပြုသိပ္ပံများအဖြစ် ထိုက်တန်သည့်အဆင့်အတန်းကို အသိအမှတ်ပြု ဖွင့်လှစ်ပေးခြင်းလည်းဖြစ်ပါကြောင်း၊ ထိုသို့မြှင့်တင်ပေးလိုက်ခြင်းအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအလိုက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သူနာပြုသိပ္ပံ(နေပြည်တော်) သင်ကြားရေးဆောင်ရှိ ကွန်ပျူတာခန်းတွင် သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နှစ်စဉ်သူနာပြုနှင့်သားဖွားများ တိုးမြှင့်မွေးထုတ်ပေးလျက်ရှိပြီး ယခု ၂၀၂၇ ခုနှစ် ပညာသင်နှစ်တွင် သူနာပြုသိပ္ပံများ အဆင့်မြှင့်တင်မှုနှင့်အတူ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းအတွက် သစ်လွင်သင်တန်းသား၊ သင်တန်းသူဦးရေ ၂၉၀၀ နှင့် ဘက်စုံ သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းအတွက် သင်တန်းသူဦးရေ ၁၄၀၀ ထိ တိုးမြှင့်ခေါ်ယူ လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ် . . .**

ကိုပိုမိုဖြည့်ဆည်းပေးနိုင်မည်လည်းဖြစ်ကြောင်း၊ ကျန်ရှိနေသည့် သူနာပြုနှင့် သားဖွား၊ နီးနွယ် သင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း မိမိတို့ အစိုးရအဖွဲ့သစ် ရက် ၁၀၀ အတွင်း၌ပင် ဦးစားပေးအနေဖြင့် ဖွဲ့စည်းပုံတိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသည်လည်း ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းဖြစ်သကဲ့သို့ သူနာပြုနှင့်သားဖွားများကို အလေးထားဂုဏ်ပြုခြင်းဖြစ်ကြောင်းကိုပြောကြားလိုကြောင်း၊ နိုင်ငံ၏ အနာဂတ်ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် သူနာပြုနှင့်သားဖွားများပေါ်ထွက်လာစေရေး အခြေခံကောင်းကောင်းနှင့် စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန်နှင့် အမှန်တကယ်ပညာရည်ပြည့်ဝ၊ ထူးချွန်သည့် သူနာပြုနှင့် သားဖွားများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

နိုင်ငံတွင် ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များနှင့် အရေးကြုံလာတိုင်းသူနာပြုနှင့်သားဖွားများသည် ရှေ့တန်းတိုက်စစ်မှူးများအနေဖြင့် မိမိတို့၏ လုံခြုံရေးနှင့် အခက်အခဲများကို ပဓာနမထားဘဲ ပြည်သူလူထု၏ အသက်နှင့်ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် စွမ်းစွမ်းတမံစွန့်လွှတ်စွန့်စားစွမ်းဆောင်ရည်များကိုလည်း လေးစားဂုဏ်ယူပါကြောင်း၊ နိုင်ငံတကာအသိအမှတ်ပြုဖလောရင့်နိုက်တင်ဂေးလ်ဆုရရှိထားကြသည့် မြန်မာနိုင်ငံမှ သူနာပြုနှင့်သားဖွားလေးဦးကို ၂၀၂၃ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့နှင့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌကို ၂၀၂၅ ခုနှစ်တွင် သိပ္ပကျော်စွာဘွဲ့ချီးမြှင့်ပေးခဲ့ကြောင်း၊ ဂုဏ်ပြုထိုက်သည့် သူနာပြုနှင့် သားဖွားများကို စွမ်းဆောင်မှုဆိုင်ရာအလိုက် နိုင်ငံတော်အဆင့်ဂုဏ်ထူးဆောင်တံဆိပ်များကို နှစ်စဉ်ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးလျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းသူနာပြုများ ထမ်းဆောင်ရသည့်တာဝန်များနှင့် တိုးတက်လာသည့် သူနာပြုပညာရေးအပေါ်မူတည်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ အခြားသောကျွမ်းကျင်ပညာရှင် နိုင်ငံ့ဝန်ထမ်းများနှင့် တန်းတူအသိအမှတ်ပြုချီးမြှင့်ပေးခြင်း၊ ရာထူးအဆင့်အလိုက် လစာတိုးမြှင့်ပေးခြင်း၊ ထပ်ဆောင်း ချီးမြှင့်ငွေပေးအပ်ခြင်းတို့ကို ချီးမြှင့်ပေးထားကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်နေသည့် “ကျန်းမာရေးစွမ်းအားစုအဆောက်အအုံ” တောင့်တင်းခိုင်မာအောင် အုတ်မြစ်ချဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အဆင့်မြှင့်တင်ပေးလိုက်သည့် သူနာပြုသိပ္ပံနှင့် သင်တန်းကျောင်းများအားလုံးတွင် ကျောင်းစာသင်ခန်းများကို လိုအပ်ချက်နှင့်အညီ တိုးချဲ့ခြင်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူ လက်တွေ့သင်ကြားရေးခန်းတို့ကို စနစ်တကျအသုံးပြုခြင်းနှင့် သင်ကြားလေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကိုလည်း ခေတ်နှင့်လျော်ညီအောင်စဉ်ဆက်မပြတ်ဆန်းစစ်မွမ်းမံပြင်ဆင်ခြင်း၊ သင်ကြားရေးဆရာ၊ ဆရာမများ ပြည့်စုံအောင် ခန့်အပ်ဖြည့်တင်းပေးခြင်း၊ ခေတ်မီသင်ကြားရေးနည်းလမ်းများ အသုံးပြုပြီး ကျောင်းသားများ၏ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်း(Critical thinking)၊ လက်တွေ့ကျွမ်းကျင်မှု(Clinical competency)နှင့် ပညာရှင်ပီသမှု(Professionalism)တို့ ပိုမိုကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် သင်ကြားမှုအရည်အသွေးပြည့်ဝနေစေရေး စွမ်းရည်မြှင့်တင်ပေးရန်လည်းလိုကြောင်း၊ အနာဂတ်ကျန်းမာရေးစနစ်သည် နည်းပညာအခြေပြုစနစ်တစ်ခုအဖြစ် ပြောင်းလဲလာနေပြီဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သုတေသနစွမ်းရည်၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာအသုံးပြုနိုင်မှုနှင့် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုတို့ကိုလည်း တိုးတက်အောင်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ အလားတူကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးကိုလည်း ကျောင်းနှင့်သက်ဆိုင်သည့်သူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ Keep Your Campus Clean ဆိုသည့်စကားနှင့်အညီ အမြင်တင့်တယ်ခြင်းဖြင့် ကျောင်း၏ဂုဏ်ကို တစ်ဖက်ကလည်း မြှင့်တင်ပေးရန်တိုက်တွန်းလိုကြောင်း။

အထူးမှာကြားလိုသည်မှာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သူနာပြုစုမှုနှင့် သားဖွားပညာရပ်များကို မိမိတို့ကိုယ်တိုင် အမြဲတမ်းလေ့လာသင်ယူနေရန် လိုအပ်သကဲ့သို့ ပြင်ပဗဟုသုတနှင့် အသိဉာဏ်ပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် စာကောင်းပေမွန်များကိုလည်း စဉ်ဆက်မပြတ်လေ့လာဖတ်ရှုသွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် သူနာပြုများ၏ လူသားဆန်မှု၊ မေတ္တာထားပြီး ပြုစုယုယမှုနှင့် သနားကြင်နာမှုစသည်တို့သည် အခြား ရုပ်ဝတ္ထုများ၊ စက်ပစ္စည်းများနှင့် အစားထိုး မရနိုင်သည့် “အနုပညာဆန်သော သူနာပြုစုမှုပညာရပ်” (The Art of Nursing) ဖြစ်သည်ကို မမေ့ကြရန်နှင့် ဂုဏ်ယူစိတ်နှင့် လေးစားတန်ဖိုးထားကြရန် လေးလေးနက်နက်မှာကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရာတွင် ပြည်သူလူထုလက်လှမ်းမီရယူနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနေသည့် “သူနာပြု”နှင့် “သားဖွား”များအနေဖြင့် မိမိတို့၏ဂုဏ်သိက္ခာ၊ ကျင့်ဝတ်များနှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို စိတ်ကောင်းစေတနာနှင့် ဆောင်ရွက်ပေးသွားကြရန်၊ နိုင်ငံတကာအသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှ အစဉ်တစိုက်ကြိုးပမ်းသွားကြရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့်၊ ထူးချွန်ထက်မြက်သည့် သူနာပြုနှင့် သားဖွားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြပါရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သူနာပြုသိပ္ပံများ ဖွင့်ပွဲအထိမ်းအမှတ်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် သူနာပြုသိပ္ပံ(နေပြည်တော်)မှ သင်တန်းသူများက “ကရုဏာအလင်း” သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျေးဇူးတင်စကားပြောကြား၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ သူနာပြုသိပ္ပံ(နေပြည်တော်) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဒုတိယသမ္မတ ဦးညိုစောနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့က သူနာပြုသိပ္ပံ(နေပြည်တော်) သင်ကြားရေးဆောင်ရှိ သူနာပြုသိပ္ပံ(နေပြည်တော်)ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သူနာပြုသိပ္ပံ(နေပြည်တော်) သင်ကြားရေးဆောင်ရှိ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ စာသင်ခန်း၊ အဖွဲ့ငယ်ဆွေးနွေးခန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်းများအတွင်း စာတွေ့၊ လက်တွေ့ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

☆ **ကျောဖုံးမှအဆက်**

ဗုဒ္ဓဘာသာစာပေ၊ သမိုင်းဝင်အမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်မှုများဖြင့် ခရီးစဉ်များဖော်ဆောင်၍ ခရီးသွားကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့တွင် နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ တိုင်းရင်းဆေးနှင့် MSME ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဒေါက်တာသောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါတီအတွင်းရေးမှူးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဖိုရမ်သို့တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး





**နေပြည်တော် ဇူလိုင် ၁၆**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောင်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းက အရအသုံး ခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အခြေခံသဘောတရားများနှင့် ဝေါဟာရများ၊ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သော စာရင်းအမျိုးအစားများ၊ ဘဏ္ဍာရန်ပုံငွေအစီအစဉ်၊ ဘတ်ဂျက်စက်ဝန်း(Budget Cycle)၊ မူဝါဒအပေါ် အခြေခံ၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင်တည်ဆောက်ခြင်း၊ ဘတ်ဂျက်ရေးဆွဲ စိစစ်တင်ပြခြင်း၊ ဥပဒေအတည်ပြုပြဋ္ဌာန်းခြင်း၊ ဘတ်ဂျက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တာဝန်ပိုင်းခြားဖော်ထုတ်ခြင်း၊ ကြီးကြပ်ခြင်း၊ အစီရင်ခံစာတင်ပြခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြမြဦးက မြန်မာနိုင်ငံ အခွန်စနစ်ဖွဲ့စည်းမှု၊ ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံလျက်ရှိသော အခွန်ဥပဒေများ၊ အခွန်အမျိုးအစားများနှင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများ၊ အကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ် မဲပေးစက်များထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်တို့နှင့်အတူ ယနေ့တွင် ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးမှာကြားသည်။

ထို့နောက် MEVM မဲပေးစက်များထိန်းသိမ်းထားရှိသည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ပါ အချက်များဖြစ်သော အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ထားသိုခြင်း၊ စက်များထားရှိသည့်အခန်းကို လေဝင်၊ လေထွက်ရှိစေရေး ဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မိုးရာသီတွင် ရေစိုပျက်စီးမှု၊ စိုထိုင်းဆကြောင့် စက်များထိခိုက်မှုမရှိစေရေး၊ ပိုးမွှားဖျက်ဆီးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ဘက်ထရီများ စနစ်တကျထားသိုရေး အလေးထားဆောင်ရွက်ရန်နှင့် ပုံမှန်စစ်ဆေးခြင်းများ အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ





**မန္တလေး ဇူလိုင် ၁၆**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အနေဖြင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေး၌ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Video Conferencing ဖြင့် တက်ရောက်သည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများအလိုက် ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲများကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ချင်းတွင်း၊ စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆက်သွယ်ရေး၊ လမ်း၊ မြစ်ကူး၊ ချောင်းကူးတံတားများနှင့် အားကစားကွင်း တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများ ထောက်ပံ့ကြေး ရရှိရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆို တစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်း တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ်အတွင်း ကျေးရွာ ၇၂ ရွာတို့တွင် ဆက်သွယ်ရေးကွန်ရက်မရှိပါသဖြင့် အော်ပရေတာတစ်ခုခုမှ တာဝါတိုင်နှစ်တိုင် တည်ဆောက်ပေးရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်း၌ မိုဘိုင်းစခန်း ၂၅ ခုကို ဖိုင်ဘာကေဘယ်၊ မိုက္ကရိုဝေ့ဗ် အဝေးဆက်သွယ်ရေးဆက်ကြောင်းများဖြင့် ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မေးခွန်းမေးမြန်းထားသည့် ကျေးရွာအုပ်စု ကိုးစု၊ ကျေးရွာ ၇၂ ရွာတွင် လျှပ်စစ်ဓာတ်အား မရရှိနိုင်မှု၊ တောင်ကုန်းတောင်တန်းများထူထပ်၍ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရန်ခက်ခဲမှုတို့ကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်းအသစ် တည်ဆောက်တပ်ဆင်ပေးရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း။

သို့သော်လည်း ဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရန် မလွယ်ကူသည့် နယ်မြေဒေသများတွင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကွန်ဟိန်းမြို့နယ်၌ ကွင်းဆင်းတိုင်းတာရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက်ချိတ်ဆက်နိုင်မှု၊ ဘဏ္ဍာငွေရရှိမှုနှင့် နယ်မြေဒေသအခြေအနေများ အပေါ်မူတည်ပြီး ဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအို-နမ်ထွမ်ခူး ကျေးရွာချင်းဆက်လမ်း၏ ကျန်ရှိသော ၁၀ မိုင်ကို ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပူတာအို-နမ်ထွမ်ခူး ကျေးရွာချင်းဆက်လမ်း ၁၄ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေနှင့် ၂၀၁၄-၂၀၁၅ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ဘဏ္ဍာနှစ်အလိုက် မြေသားလမ်း၊ ကျောက်လမ်း ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကွန်ကရစ်လမ်း လေးမိုင်ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပူတာအို-နမ်ထွမ်ခူးလမ်း ၁၄ မိုင်မှ ကျန်ရှိသည့် ကွန်ကရစ်လမ်း ၁၀ မိုင် ခင်းခြင်းလုပ်ငန်းကို စက်သုံးဆီနှင့်လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်သည့်အချိန်နှင့် ရန်ပုံငွေရရှိမှုတို့အပေါ်မူတည်၍ သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **အမျိုးသမီးရေးရာဝန်ကြီးဌာနအသစ်၏ ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုသိရှိနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေမှာ ၅၃ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် လူဦးရေ၏ထက်ဝက်ကျော်ကို ကိုယ်စားပြုလျက်ရှိသဖြင့် ယင်းအင်အားကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရေးကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုအနေဖြင့် ရှင်းလင်းစွာသိရှိနားလည်နိုင်စေရန် ဝန်ကြီးဌာန၏ တရားဝင် Website၊ လူမှုကွန်ရက်စာမျက်နှာများ၊ ပုံနှိပ်ထုတ်ဝေထားသည့်စာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် ရုပ်သံမီဒီယာများ၊ အသိပညာပေး ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဒေသအခြေပြု အသိပညာပေးအစီအစဉ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍစုံဆက်သွယ်ရေးအစီအစဉ်များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသမီးရေးရာ ဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အားသာချက်များကို ပေါင်းစပ်အသုံးချ၍ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေကာ အမျိုးသမီးများ၏ စွမ်းပကားနှင့်စွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရေးနှင့် အားလုံးအကျုံးဝင်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရေးကို ရည်မှန်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ခြင်းသည် အဖွဲ့အစည်းဖွဲ့စည်းပုံ ပြောင်းလဲခြင်းမျှသာမဟုတ်ဘဲ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို ပိုမိုထိရောက်စွာညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကို မဟာဗျူဟာမြောက် မြှင့်တင်လိုက်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှတစ်ဆင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များသည် ကာကွယ်စောင့်ရှောက်မှုရရှိပြီး စွမ်းပကားမြင့်မားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအသီးသီးတွင် အဓိပ္ပာယ်ရှိစွာ ပါဝင်ဆောင်ရွက်နိုင်သော အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မချမ်းဘော့မဲဆန္ဒနယ်မှ ဦးငွါးရဲ့ဆဲ၏ **မချမ်းဘော့မြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် အားကစားကွင်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက မချမ်းဘော့မြို့နယ်တွင် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်းမြေနေရာအဖြစ် မြေဧရိယာ လေးဧကခန့်သာရှိသည့်အတွက် အားကစားရုံ တည်ဆောက်ရန် မြေနေရာလုံလောက်မှုမရှိပါကြောင်း၊ သို့သော်လည်း ရိုးရိုးဘောလုံးကွင်း အလျား ၃၄၅ ပေ၊ အနံ ၂၂၅ ပေဖောက်လုပ်ခြင်းနှင့် ရုံးအဆောက်အအုံ အလျားပေ ၅၀၊ အနံ ၃၅ ပေ တည်ဆောက်ခြင်းအတွက် စုစုပေါင်းငွေကျပ် ၄၇၅ သန်းကို နီးစပ်ရာဘဏ္ဍာနှစ်၏ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်လင်း၏ **ယာယီနေရပ်စွန့်ခွာသူများကို ထောက်ပံ့သည့် လစဉ်ကြေးများကို ၂၀၂၆ ခုနှစ်၌ ဆိုင်းငံ့ထားသည့်အတွက် ဆက်လက်ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထိုသို့ တစ်နှစ်စာ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၂၂၄၄၆ ဒသမ ၇၈ သန်းကို ထောက်ပံ့ပေးခဲ့ပါကြောင်း။

လက်ရှိတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေကို ၂၀၂၆ ခုနှစ်တွင် မန္တလေးလျှင်ကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ တပ်မတော်က နယ်မြေပြန်လည်စိုးမိုးနိုင်ခဲ့သော မြို့ရွာများတွင် အကြမ်းဖက်သမားများ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းတံတား၊ ရေ၊ မီး၊ လျှပ်စစ် အစရှိသည့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဦးစားပေးသုံးစွဲနေရသဖြင့် နေရပ်သို့ မပြန်နိုင်သေးသည့် ပြည်သူများကို ဆက်လက်ထောက်ပံ့နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်မှ မြို့မကျေးရွာအုပ်စုသို့ သွယ်တန်းထားသော မြေသားတမံရေကာတာကို တာပေါင်တမံချဲ့ထွင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ထန်းလုံးချောင်းတာသည် ရွှေတောင်မြို့နယ် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်နှင့် မြို့မကျေးရွာတို့ အကြားတွင် တည်ရှိပြီး အဆိုပါတာကို ရေဘေးကာကွယ်ရေးအတွက်သာ ရည်ရွယ်တည်ဆောက်ထားခဲ့ခြင်းဖြစ်သည့်အတွက် တာတမံပေါ်မှ ကားကြီးကားငယ်များ နေ့စဉ်ဖြတ်သန်း၍ ကျေးရွာချင်းဆက်လမ်းအဖြစ်အသုံးပြုပါက အထူးသဖြင့် မိုးရာသီကာလတွင် တာတမံထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း။

တာတမံထိခိုက်ပျက်စီးမှု လျော့နည်းစေရန်နှင့် ရေရှည်ကြံ့ခိုင်မှုရှိစေရေး တာတမံစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူများ သွားလာနိုင်ရန် တစ်တန်အောက် မော်တော်ယာဉ်၊ ထော်လာဂျီနှင့် ဆိုင်ကယ်များမှလွဲ၍ မည်သည့်ယာဉ်မျှ ဖြတ်သန်းသွားလာခွင့် မရှိစေရေးအတွက် သံမဏိဂိုးတိုင်မောင်းတံဂိတ်နှစ်ခုကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားရှိခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဒေသနေပြည်သူများ အရေးပေါ်အကြောင်းကိစ္စရှိပါက ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် ရွာသာယာ-နွားခြံကုန်း-မြို့မလမ်းအရှည် ၃ မိုင် ၇ ဒသမ ၅ ဖာလုံကို ရွှေတောင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ သုံးမိုင်နှင့် သုည ဒသမ ၅ ဖာလုံ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် လမ်းအရှည် ခုနစ်ဖာလုံကိုလည်း ဘဏ္ဍာနှစ်အလိုက် ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တာထိပ်ပြင် အကျယ် ကိုးပေသာရှိသော ထန်းလုံးချောင်းတာသည် ရေဘေးကာကွယ်ရေးတာဖြစ်သည့်အတွက် တာတမံကြံ့ခိုင်မှုမထိခိုက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မာစေရန်အတွက် မော်တော်ယာဉ် နှစ်စီး ရှောင်နိုင်သည်ထိ တာတစ်လျှောက်လုံး တာပေါင်ချဲ့ထွင် ဆောင်ရွက်ပေးရန်အတွက် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း၏ **သနပ်ပင်မြို့နယ် ကျေးရွာအုပ်စု ခုနစ်စု၊ မင်းရွာ-ကုက္ကို ရေနုတ်မြောင်းဖျားရှိ သောင်အတွင်းတိမ်ကောနေသည့် ရိုးချောင်းကို တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာ-ကုက္ကို ရေနုတ်မြောင်းသည် ရေကြီးကွင်း၊ ရေနက်ကွင်းများ၏ မိုးစပါးစိုက်ဧရိယာများဖြစ်သည့် ၂၃၅၃ ဧကကို ရေထုတ်နုတ်ပေးပြီး တောင်သူများအတွက် အရေးပါသည့် ရေနုတ်မြောင်းဖြစ်ပါကြောင်း၊ အဆိုပါ ရေနုတ်မြောင်းကို စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရေးအတွက် လွန်ခဲ့သည့်နှစ် ၃၀ ခန့်က

စာမျက်နှာ ၂၀ သို့

**စာမျက်နှာ ၁၉ မှအဆက်**

ဌာနက တူးဖော်ခဲ့ပြီး ယခုအခါ ရေနုတ်မြောင်းဖျားရှိ စစ်တောင်းမြစ်အတွင်း မြစ်ကြောင်းပြောင်းလဲပြီး သဲသောင်များ ပေါ်ထွန်းလာသဖြင့် ရေစီးဆင်းနိုင်မှုနှင့် ရေထုတ်နုတ်နိုင်မှုတို့ အားနည်းလာသည်ကို တွေ့ရှိရပါကြောင်း။

ရေနုတ်မြောင်းအတွင်း စီးဆင်းသော ရေပမာဏကို လုံလောက်စွာထုတ်နုတ်နိုင်ရန်အတွက် သောင်အတွင်း ရိုးချောင်းကို အလျား ၄ ဒသမ ၅၀ မိုင်၊ အကျယ်ပေ ၃၀ နှင့် အနက် ရှစ်ပေတူးဖော်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ သနပ်ပင်မြို့နယ် ကျေးရွာအုပ်စု ခုနစ်စုရှိ မိုးစပါးများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရန်အတွက် သောင်အတွင်း တိမ်ကောနေသည့် ရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုအတွင်း၌ ကျောက်နီချောင်းသံကူကွန်ကရစ်ရေတားတမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စုအနီး ကျောက်နီချောင်းပေါ်တွင် ခိုင်မာသော သံကူကွန်ကရစ်ရေတားတမံ (ရေလွှဲဆည်) တည်ဆောက်ခြင်းအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ်သိန်း ၆၅၀၀ ခွဲဝေရရှိခဲ့ပါကြောင်း၊ အဆိုပါ အချိန်ကာလသည် ကိုဗစ်ကာလဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရန်ခက်ခဲခြင်း၊ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်ခက်ခဲခြင်းတို့ကြောင့် ရန်ပုံငွေပြန်လည်အပ်နှံခဲ့ရပါကြောင်း။

သို့သော် ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စု ကျောက်နီချောင်းပေါ်တွင် သံကူကွန်ကရစ်ရေတားတမံ (ရေလွှဲဆည်) တည်ဆောက်နိုင်ရေးအတွက် မြေပြင်အခြေအနေပြောင်းလဲမှုများကို ကွင်းဆင်းတိုင်းတာခြင်း၊ အကြိုစူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံ ပြန်လည်စိစစ်တွက်ချက်ခြင်းနှင့် ခန့်မှန်းခြေစာရင်း ပြန်လည်တွက်ချက်ခြင်းများဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေရှိပါက လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်ရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ ဆူးဖြူကန်-တောင်ဘို၊ သပြေရိုးကျေးရွာမှ ရန်ကုန်-မန္တလေးလမ်းသို့သွားလာသည့် ရိုးကူးတံတားကြီး၊ ပဲနံ့သာရွာနှင့် ရွှေတောင်ရွာဆက်သွယ်သော ရိုးကူးတံတားနှင့် ကံကြီးကျေးရွာနှင့် ဘုရားဖြူ-ရွှေပေါ်ကျွန်းလမ်းကိုဆက်သွယ်သောလမ်းပေါ်ရှိ ရိုးကူးတံတားများကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဝမ်းတွင်းမြို့နယ် ပဲနံ့သာရွာ-ရွှေတောင်ရွာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရိုးကူးတံတား ပေ ၁၃၀ နှင့် ကံကြီးကျေးရွာနှင့် ဘုရားဖြူ-ရွှေပေါ်ကျွန်းလမ်းမကြီး ဆက်သွယ်သည့် လမ်းပေါ်ရှိ ရေကျော်တံတားတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆူးဖြူကန်-တောင်ဘို-သပြေရိုးကျေးရွာမှ ရန်ကုန်-မန္တလေးလမ်းမသို့ချိတ်ဆက်သည့် လမ်းပေါ်ရှိ ရိုးကူးတံတားပေ ၈၀ ကို ကွန်ကရစ်တံတားအဖြစ် မြှင့်တင်ရန် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုမှုနှုန်း လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် မူတည်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ် အိမ်ရှေ့တောင်ရွာနှင့် ခရုတုတ်ရွာအကြားရှိ ပန်းလောင်မြစ်ကူးတံတားကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြစ်သားမြို့နယ် ပန်းလောင်မြစ်ကူးတံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုကစီမံခန့်ခွဲသော တံတားဖြစ်ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော အလျားပေ ၁၅၀၊ အကျယ် ငါးပေ၊ အမြင့် ၁၅ ပေရှိသော ဆိုင်ကယ်ကူးကြိုးတံတားဖြစ်ပါကြောင်း။

အဆိုပါတံတားကို ကွန်ကရစ်တံတားအသစ် တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၁၃၂၀ ကုန်ကျမည်ဖြစ်ပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် မူတည်၍ ကြိုးတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို လတ်တလောဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှသာ တိုင်းဒေသကြီး ရန်ပုံငွေလျာထားတင်ပြပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **မင်းတုန်းမြို့နယ်ရှိ မင်းတုန်း ဘူးတောင်-ပုသိမ်- မုံရွာ ကားလမ်းမကြီးနှင့်ဆက်သွယ်သည့်လမ်းကို အဆင့်မြှင့်တင်ခြင်း၊ သွေးကျောက်ချောင်းတံတား၏ ချဉ်းကပ်လမ်းကို မြေထိန်းနံရံတည်ဆောက်ခြင်း၊ Box Culvert တစ်စင်း တည်ဆောက်ခြင်းတို့ကို ခွင့်ပြုပေးပါရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းတုန်းမြို့နယ် မင်းတုန်း-ဘူးတောင်း-ပုသိမ်-မုံရွာ ဆက်သွယ်ရေးလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအရှည် ၃ မိုင် ၄ ဖာလုံရှိသည့် ပြည်ထောင်စုက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လမ်းဦးစီးဌာနပိုင် ပုသိမ်-မုံရွာလမ်းနှင့် ချိတ်ဆက်ထားသည့် ပထမဦးစားပေးအဆင့် ကတ္တရာလမ်းဖြစ်ပါကြောင်း၊ ၎င်းလမ်းကို ကတ္တရာခင်းခြင်းဆောင်ရွက်ထားသည်မှာ နှစ်ကာလကြာမြင့်နေခြင်း၊ အချို့နေရာများတွင် နှစ်စဉ်ရေလွှမ်းမိုးမှုခံရသဖြင့် များစွာပျက်စီးနေခြင်းတို့ကြောင့် ယခုအချိန်တွင် ယာဉ်သွားလာမှုခက်ခဲလျက်ရှိပြီး ရေလွှမ်းမိုးမှုဒဏ်ကြောင့် ကတ္တရာလမ်းများ ပြင်ဆင်ရန်၊ မြေထိန်းနံရံနှင့် Box Culvert တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပျက်စီးနေသော ကတ္တရာလမ်းကို နှစ်စဉ်ရေလွှမ်းမိုးမှုမှကာကွယ်ရန်အတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် သွေးကျောက်ချောင်းတံတား၏ ချဉ်းကပ်လမ်းကို မြေထိန်းနံရံတည်ဆောက်ခြင်း Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများမှာ ယခုအခါ နယ်မြေလုံခြုံရေးအခြေအနေအရ လောလောဆယ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မင်းရွာ-လယ်ပြင်စုရွာ-လိပ်ချောင်းရွာ-ရိုးကြီးရွာများသို့ ကျေးရွာချင်းဆက်လမ်းနှင့် လယ်ပြင်စုရွာ-မိုးကြိုးပစ်ရွာ-သာယာကုန်းကျေးရွာတို့သို့ ကျေးရွာချင်းဆက်လမ်းတို့ကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မော်ဘီမြို့နယ် မင်းရွာ - လယ်ပြင်စုရွာ - လိပ်ချောင်းရွာ - ရိုးကြီးရွာတို့သို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအရှည်ဆက်သွယ်သောလမ်းမှာ ၄ မိုင် ၅ ဒသမ ၃၉ ဖာလုံရှိပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသော ကျောက်လမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါ ကျောက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၃၉၃၀ ဒသမ ၄၃၇ သန်း ကုန်ကျမည်ဖြစ်ပြီး တစ်မိုင်ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း ၈၆၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အလားတူ မော်ဘီမြို့နယ် လယ်ပြင်စုရွာ -မိုးကြိုးပစ်ရွာ -သာယာကုန်းရွာတို့သို့ ဆက်သွယ်သောလမ်းမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းအရှည် ၂ မိုင် ၇ ဒသမ ၈ ဖာလုံရှိပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ကတ္တရာလမ်းအရှည် ၆ ဒသမ ၂၃ ဖာလုံနှင့် ကျန် ၂ မိုင် ၁ ဒသမ ၅၇ ဖာလုံမှာ ကျောက်လမ်းအမျိုးအစားဖြစ်ပါကြောင်း၊ လက်ရှိမြေပြင်အခြေအနေအရ အဆိုပါကတ္တရာလမ်းပိုင်းတွင် ယာဉ်များသွားလာမှုများသဖြင့် ကတ္တရာအပွန်းခံလွှာပျက်စီးနေပြီး ကျောက်ချောလမ်းပိုင်းတွင် ချိုင့်ခွက်များဖြစ်ပေါ်လျက်ရှိပါကြောင်း။

လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်၍ ကတ္တရာလမ်းပိုင်း ၆ ဒသမ ၂၃ ဖာလုံကို ထပ်ပိုးလွှာခင်းခြင်းနှင့် ကျန်အပိုင်း ၂ မိုင် ၁ ဒသမ ၅၇ ဖာလုံ ကျောက်လမ်းကို ကျောက်လမ်း အနိမ့်အမြင့်ဖြေညှိခြင်းနှင့် အပွန်းခံလွှာခင်းခြင်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့် **မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်း အချက်အလက်များကို စနစ်တကျ ထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်“အမျိုးသားလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်”တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေ**က မြန်မာနိုင်ငံအနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိပြီးသော အချက်အလက်များသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်းများရေးဆွဲခြင်းတို့အတွက် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်သော သော့ချက်များဖြစ်ကြောင်း၊ ယင်းအချက်အလက်များသည် နိုင်ငံတော်အတွက် မူဝါဒများ၊ မဟာဗျူဟာစီမံကိန်းများရေးဆွဲခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ မြှင့်တင်နိုင်ခြင်း၊ အခြေခံအဆောက်အအုံနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင်၊ စီးပွားရေး၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍကြီးတို့တွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေအသုံးပြုရမည့် အရေးပါဆုံးအချက်အလက် အရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း နယ်ပယ်အလိုက်၊ ကဏ္ဍအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေ၊ သန်းခေါင်စာရင်းပါအချက်အလက်များကို ကိုးကားအခြေပြု၍ မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲခြင်းတို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် အကောင်အထည်ဖော်မှု၊ သွက်လက်မြန်ဆန်စေရန် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊ တွန်းအားပေးခြင်းကို ဆောင်ရွက်မည့် ကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်သည်ဟု သုံးသပ်ရပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

**သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး**က စာရင်းအင်းအချက်အလက်များရရှိခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လိုအပ်သည့်နေရာများတွင် ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ လျှပ်စစ်နှင့် ရေပေးဝေရေးစီမံကိန်းများကို မှန်ကန်စွာချမှတ်နိုင်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို လိုအပ်ချက်အလိုက် ထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ခြင်း၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များကို ပိုမိုတိကျစွာ ဆောင်ရွက်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို ပိုမိုကောင်းမွန်စွာ စီမံနိုင်ခြင်း၊ ရေရှည်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အချက်အလက်အခြေပြုနည်းလမ်းဖြင့် ရေးဆွဲနိုင်ခြင်း၊ ဒစ်ဂျစ်တယ်အစိုးရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရနိုင်ခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြေခံအဆောက်အအုံစီမံကိန်းများတွင် အရင်းအမြစ်များကို ပိုမိုထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ခြင်း၊ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်ခြင်း၊ Sustainable Development Goals(SDGs) အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေခြင်း၊ E-Government နှင့်ချိတ်ဆက်နိုင်သည့် Data စနစ်များ တည်ဆောက်နိုင်ခြင်း၊ AI၊ GIS နှင့် Big Data နည်းပညာများကို အသုံးပြုလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း**က နိုင်ငံတော်အဆင့် ဦးဆောင်ကော်မရှင် ဖွဲ့စည်းနိုင်ပါက လူဦးရေ၊ ကျား၊မ၊ Gender အုပ်စု၊ မသန်စွမ်းအရေးအတွက် အိမ်အကြောင်းအရာများ သစ်သားအိမ်၊ တိုက်အိမ်၊ ဝါးတဲအိမ်၊ ခနိမိုး၊ ထရံကာ စသည်ဖြင့်ကောက်ယူပြီး ကိန်းဂဏန်းများအပေါ် မူတည်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော မဟာဗျူဟာ၊ နည်းဗျူဟာ (Plan)များ ကောင်းမွန်စွာ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်**က နိုင်ငံတိုးတက်လာအောင်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာအောင်၊ အလုပ်အကိုင်များရရှိလာအောင် မည်သို့ မဟာဗျူဟာမြောက်အစီအမံများ ရေးဆွဲမည်၊ မည်ကဲ့သို့အကောင်အထည်ဖော်မည် စသည်ဖြင့် စနစ်တကျပုံဖော်နိုင်မှသာ နိုင်ငံအနာဂတ် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထို့အတွက် စနစ်တကျပုံဖော်နိုင်ရန်အတွက်လည်း သီးခြားဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့ သို့မဟုတ် ကော်မရှင်တစ်ရပ်လိုအပ်ပါကြောင်း၊ လူဦးရေသန်းခေါင်စာရင်းအချက်အလက်များကို စီမံခန့်ခွဲရန် ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် မဟာဗျူဟာကော်မရှင်သည် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်မည်ဆိုပါက အချက်အလက်များအခြေပြုကာ အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း။

မူဝါဒများ ချမှတ်ခြင်း၊ မူဝါဒများ အကောင်အထည်ဖော်ခြင်းတို့မှာ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် တိတိကျကျ တာဝန်ပေးမှသာ ကောင်းမွန်သောအစီအမံများကို ဖော်ထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တန်ဖိုးရှိလှသော မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အမျိုးသားလူဦးရေနှင့် **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်တစ်ရပ် ဖွဲ့စည်းရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်**က လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများမှ ကောက်ယူရရှိသော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များကို စနစ်တကျထိရောက်စွာ စီမံခန့်ခွဲ၍ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်နိုင်ရန် ဌာနစုံမှ လူပုဂ္ဂိုလ်များပါဝင်သော နိုင်ငံတော်အဆင့် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဆိုလျှင် စာရင်းကောက်ယူမှုမှရရှိထားသည့် ကိန်းဂဏန်းအချက်အလက်များကို ထိရောက်စွာစီမံခန့်ခွဲပြီး နိုင်ငံတော်၏ မူဝါဒများ ချမှတ်အသုံးပြုခြင်း၊ ဒေသအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲခြင်း၊ ဘတ်ဂျက်နှင့် အရင်းအမြစ်များကို လိုအပ်ချက်အလိုက်ခွဲဝေနိုင်ခြင်း၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဖူလုံရေးအစီအစဉ်များ ရေးဆွဲခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများကို ကြိုတင်ပြင်ဆင်ကာကွယ်ရေးအစီအမံများအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအတွက် နိုင်ငံ၏ မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲခြင်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်သူများအတွက် အခြေခံကျသည့် အခန်းကဏ္ဍများ မြှင့်တင်ရန်ကိစ္စများကိုလည်း ထိမိအောင်လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် လိုအပ်သည့်အခန်းကဏ္ဍ၊ ပညာရေးမြှင့်တင်မှုကဏ္ဍ၊ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍ၊ အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးရေးမြှင့်တင်မှုကဏ္ဍ၊ လူငယ်ရေးရာကဏ္ဍများနှင့်စပ်လျဉ်း၍ မူဝါဒရေးဆွဲနိုင်မည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်စမ်းစမ်းဌေး**က လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိလာသော အချက်အလက်များကိုအခြေခံ၍ (လူမှုရေး၊ စီးပွားရေး)ကိန်းဂဏန်းများအရ အလုပ်လက်မဲ့လျှော့ချရေးစီမံချက်များ ချမှတ်နိုင်ခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီနိုင်ခြင်းလုပ်ငန်းစဉ်၊ အခြေခံလူတန်းစားများအတွက် ဆင်းရဲမှုပပျောက်နိုင်ရေး၊ ကုန်ဈေးနှုန်းထိန်းညှိနိုင်ရေး၊ မဟာဗျူဟာစီမံကိန်းချမှတ်ရန်လိုပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကျော် အမျိုးသမီးများကို စာရင်းဇယားစစ်တမ်းအရ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့်အခါ နိုင်ငံအတွက် လိုအပ်လျက်ရှိသော အခန်းကဏ္ဍများတွင် စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်သောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း**က ကော်မရှင်တစ်ရပ်ဖွဲ့စည်းနိုင်ပါက ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးဦးရေ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအရွယ် ကျောင်းသားဦးရေ၊ ကျောင်းပြင်ပ အရွယ်ရောက်နေသော ကလေးဦးရေ၊ ဆရာ၊ ဆရာမ လိုအပ်ချက်၊ စာသင်ခန်းနှင့် ကျောင်းဆောင်လိုအပ်ချက်တို့ကို စနစ်တကျခန့်မှန်းနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံစာရင်းကို အခြေခံထားသည့်အတွက် ကျောင်းနေအရွယ်ကလေးစာရင်း ကောက်ယူထားရှိပါက ကျောင်းအပ်နှံရန် ကျန်သူစာရင်းကို အတိအကျသိရှိလျှင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ဝိုင်းဝန်း၍ စာသင်ကျောင်းအရောက်ပို့ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံ KG + 9 အခမဲ့သင်ကြားခွင့်ရရှိပြီး ပညာရေးရည်မှန်းချက် အောင်မြင်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် မွေးစာရင်း၊ သေစာရင်း အသက်အုပ်စုအလိုက် လူဦးရေ၊ ကိုယ်ဝန်ဆောင်မိခင်ဦးရေ သက်ကြီးရွယ်အိုဦးရေ၊ မသန်စွမ်းသူဦးရေသိရှိနိုင်ပါက ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားရေးနှင့် ဆေးဝါးဖြန့်ဖြူးရေးတို့ကို အမှန်တကယ်လိုအပ်သည့် ဒေသများသို့ ထိရောက်စွာစီမံနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုစာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ပြောင်းရွှေ့ဝင်ထွက်မှုများနှင့် လူဦးရေပြောင်းလဲမှုအခြေအနေများကို စဉ်ဆက်မပြတ်မွမ်းမံထိန်းသိမ်းထားနိုင်ပါက ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများ၊ လူမှုကူညီရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှု လူဦးရေစာရင်းအချက်အလက်များကို စနစ်တကျထိန်းသိမ်းခြင်း၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်စေခြင်း၊ လိုအပ်သည့်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မွမ်းမံနိုင်စေခြင်း၊ မူဝါဒချမှတ်ရာတွင် အထောက်အကူပြုစေသည့် အစီရင်ခံစာများ ပြုစုတင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ လူဦးရေစာရင်းကောက်ယူရာတွင် အသုံးပြုခဲ့သော အချိန်၊ လူအင်အားနှင့် ဘဏ္ဍာငွေတို့၏ အကျိုးကျေးဇူးကို အပြည့်အဝရရှိနိုင်မည်ဖြစ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

**ပင်လောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းရီရီဝင်း**က အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းနိုင်ပါက လူဦးရေပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ အိမ်ရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို အထောက်အထားအခြေပြုနည်းလမ်းဖြင့် ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကလေးသူငယ်များ၊ လူငယ်များ၊ အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူများနှင့်သက်ကြီးရွယ်အိုများ၏ အချိုးအစားပြောင်းလဲလာမှုကို ကြိုတင်သုံးသပ်နိုင်ခြင်းကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင်ဖန်တီးရေးနှင့် လူမှုဖူလုံရေးစနစ်များကို ရေရှည်မျှော်မှန်းချက်ဖြင့် စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီမံကိန်းများရေးဆွဲရေးနှင့် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုအဆိုသည် အချိန်နှင့်လျော်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် အဆိုတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေး အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်**က မြန်မာနိုင်ငံသည် လူဦးရေအလွန်အမင်းများပြားသော အိမ်နီးချင်းနိုင်ငံများ၏ အကြားတည်ရှိနေသဖြင့် ကာကွယ်ရေး၊ လုံခြုံရေးနှင့် လူဦးရေဆိုင်ရာစီမံခန့်ခွဲမှုမူဝါဒများကို မဟာဗျူဟာမြောက်ချမှတ်ရန် လိုအပ်ပါကြောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်သည် စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို အဓိကထားဦးတည်သော်လည်း ယခုအဆိုပြုသည့်ကော်မရှင်သည် ရရှိလာသောအချက်အလက်များကို အခြေခံ၍ ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် လူဦးရေမူဝါဒများကို မဟာဗျူဟာမြောက် ပြောင်းလဲချမှတ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဤအဆိုသည် လက်ရှိကာလအတွက်သာမကဘဲ နောင်လာမည့်ဆယ်စုနှစ်များစွာထိ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို သိပ္ပံနည်းကျကျကြိုတင်ဗျူဟာခင်းကာကွယ်ပေးမည့် နိုင်ငံတော်အဆင့် မျှော်မှန်းချက်ကြီးဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လှိုင်သာယာမဲဆန္ဒနယ်မှ ဦးအေးချမ်း**က လူဦးရေသန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်က ငွေအင်အား၊ လူအင်အား၊ အချိန်အင်အားများစွာသုံးစွဲပြီးမှ ရရှိလာခြင်းဖြစ်ပါကြောင်း၊ အလွန်အဖိုးတန်လှသော အချက်အလက်များကို စာအုပ်ပေါ်တွင်သာရိုက်နှိပ်ထားပြီး အပြင်လက်တွေ့တွင် အသုံးမပြုပါက မိမိတို့နိုင်ငံသည် ကမ္ဘာ့နိုင်ငံများအလယ်တွင် အစဉ်အမြဲနောက်ကနေရမည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့ပြင် တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၊ ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နိုင်းနှင့် မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းတို့က အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက လူဦးရေဆိုင်ရာမူဝါဒများရေးဆွဲရာတွင် မိမိတို့နိုင်ငံအတွက် သင့်လျော်မှုအရှိဆုံး အနေတော်လူဦးရေ၊ မိမိနိုင်ငံ၏သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံ၏ လက်ရှိလူဦးရေတိုးနှုန်း၊ မွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြောင်းရွှေ့နှုန်း၊ မျှော်မှန်းသက်တမ်းတို့နှင့် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေ၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေသိပ်သည်းမှု၊ ပျံ့နှံ့နေထိုင်မှုနှင့် နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ရေးအင်အားလိုအပ်ချက်တို့သည်လည်း ထည့်သွင်းစဉ်းစားသုံးသပ်ရမည့် အချက်များဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီအောင် ထိန်းညှိပေးနိုင်မည့် လူဦးရေမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ လူဦးရေမူဝါဒနှင့် ဆက်နွှယ်သည့်အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၌ လူဦးရေမူဝါဒရေးဆွဲနိုင်ခြင်း မရှိသေးသော်လည်း လူဦးရေမူဝါဒနှင့် ဆက်နွှယ်သည့် အစီအစဉ်များအဖြစ် မိသားစုစီမံကိန်းချမှတ်နိုင်ရေး အသိပညာပေးအစီအစဉ်များ၊ သားဆက်ခြားရေး အသိပညာပေးနှင့် ဝန်ဆောင်မှုပေးခြင်း အစီအစဉ်များ၊ ကျား၊ မ တန်းတူညီမျှမှုရရှိရေး အသိပညာပေးအစီအစဉ်များ၊ သက်ကြီးရွယ်အို ထောက်ပံ့ပေးခြင်းအစီအစဉ်များ၊ ပြည်တွင်းအလုပ်အကိုင်ရရှိရေးနှင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာအစီအစဉ်များကို သက်ဆိုင်ရာဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ ပြောင်းလဲမှုများနှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အညွှန်းကိန်းများရရှိနိုင်ရန် ရည်ရွယ်၍ သန်းခေါင်စာရင်းများကို စဉ်ဆက်မပြတ်ကောက်ယူခဲ့ပါကြောင်း။

နောက်ဆုံး သန်းခေါင်စာရင်းအဖြစ် ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စာရင်းကောက်ယူခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၁၅၂ မြို့နယ်ကို ရာနှုန်းပြည့်စာရင်းကောက်ယူနိုင်ခဲ့ပါကြောင်း၊ တစ်စိတ်တစ်ဒေသ စာရင်းကောက်ယူနိုင်ခဲ့သော မြို့နယ် ၁၂၀ ရှိပြီး မြို့နယ်လုံးကျွတ်သန်းခေါင်စာရင်း မကောက်ယူနိုင်သည့် မြို့နယ် ၅၈ မြို့နယ်ရှိပါကြောင်း၊ စုစုပေါင်းလူဦးရေ ၅၁ ဒသမ ၃၇ သန်းတွင် ၃၂ ဒသမ ၁၈ သန်းကိုသာ စာရင်းကောက်ယူနိုင်ခဲ့ပြီး ၁၉ ဒသမ ၁၉ သန်းမှာ Earth Remote Sensing (ERS)နည်းပညာအသုံးပြုခန့်မှန်းထားသော လူဦးရေဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းကောက်ယူရရှိမှု အခြေအနေကို တင်ပြရမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့သည် ၁၀၀ ရာခိုင်နှုန်းနှင့် ပဲခူးတိုင်းဒေသကြီးသည် ၈၇ ဒသမ ၁ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးသည် ၇၀ ဒသမ ၆ ရာခိုင်နှုန်း၊ မွန်ပြည်နယ်သည် ၇၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များသည် ၇၀ ရာခိုင်နှုန်းပြည့်မီရန် အနည်းငယ်လိုအပ်သောကြောင့် မူဝါဒရေးဆွဲသူများ၊ စီမံကိန်းရေးဆွဲသူများနှင့် သုတေသီများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်သော်လည်း မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြားသောဌာနဆိုင်ရာများမှ အချက်အလက်များနှင့် ပေါင်းစပ်အသုံးပြုသင့်ပါကြောင်း။

အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် လူဦးရေမူဝါဒများ ချမှတ်အကောင်အထည်ဖော်ရာတွင် တစ်မျိုးသားလုံးလွှမ်းခြုံမှုရှိရမည်ဖြစ်သော်လည်း ၅၈ မြို့နယ် သန်းခေါင်စာရင်းကောက်ယူရန်ကျန်ရှိနေခြင်း၊ အခြေခံလိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များသည် အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လိုအပ်ချက်များရှိနေသောကြောင့် အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင် ဖွဲ့စည်းရေးအဆိုကို ထောက်ခံပါကြောင်းနှင့် လတ်တလောတွင် အချက်အလက်များပြည့်စုံစွာမရရှိသေးသောကြောင့် ဖွဲ့စည်းရန်အချိန်အခါမသင့်သေးသဖြင့် အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ယခုတင်သွင်းခဲ့သည့် အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်များက အလေးအနက်ထား ထောက်ခံဆွေးနွေးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လူဦးရေစာရင်းဇယားများ အမြန်ဆုံးပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် လတ်တလောကာလတွင် အဆိုကို ထောက်ခံကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”**ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင့်လွင်က စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ဇူလိုင် ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်ဇင်ထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်သည့် စံချိန်မီ ဆီချဆိပ်ကမ်းတစ်ခု အရေးတကြီးလိုအပ်နေသောကြောင့် နိုင်ငံတော်ကအကောင်အထည်ဖော်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါကမည်သည့်အခက်အခဲများကြောင့် တည်ဆောက်မပေးနိုင်သည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟုမ္မလင်းမြို့ ဆိပ်ကမ်း၌ ကမ်းပါးနယ်ရေိယာအတွင်းရေယာဉ်များ ဆိုက်ကပ်ရပ်နားရန်အတွက် ဆိပ်ကမ်းမြေနေရာ ၁၅ နေရာတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြလာမှုများရှိခဲ့ရာ လတ်တလောတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးရုံးအနေဖြင့် ဥပဒေအရစိစစ်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရရှိပါက ဖော်ပြပါ ဟုမ္မလင်းရှိ ဆိပ်ကမ်းမြေနေရာ ၁၅ နေရာ၏ မြေနေရာ အသုံးပြုခွင့်ကျသင့်အခွန်အခများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးသွင်းစေလျက် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်ရန် ဆိပ်ကမ်းမြေနေရာ ငှားရမ်းအသုံးပြုခွင့်နှင့် ဆိပ်ခံတံတားတည်ဆောက်ခွင့်အတွက် လူပုဂ္ဂိုလ်၊ လုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းများက လျှောက်ထားလာပါက စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ် ရေလမ်းဖွံ့ဖြိုးရေးနှင့် မြို့၏ဆိပ်ကမ်းရှေ့တွင် တည်ငြိမ်သောရေလမ်းဖြစ်ပေါ်စေရေးတို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဟုမ္မလင်းမြို့တွင် ဆီတင်ချအပါအဝင် စံချိန်မီ ဆိပ်ကမ်းအတွက် ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study) အသေးစိတ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ(Technical)အရ ဖြစ်နိုင်ခြေရှိ၊ မရှိ၊ ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မှု (Cost and Benefit) သုံးသပ်တွက်ချက်ရန်လိုအပ်ခြင်း၊ ဆိပ်ကမ်းတစ်ခုတည်ဆောက်နိုင်ရန် ကုန်ကျစရိတ်များပြားလွန်းသဖြင့် ရင်းနှီးမြှုပ်နှံမှုအပေါ်မူတည်၍ ဆောင်ရွက်ရခြင်းတို့ကြောင့် ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်မည့် စံချိန်မီ ဆီချဆိပ်ကမ်းတစ်ခုတည်ဆောက်ရန် လတ်တလောအခြေအနေအရ အစီအစဉ်မရှိသေးပါကြောင်း။




ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်ရန်အတွက် ဆိပ်ကမ်းမြေနေရာ ငှားရမ်းအသုံးပြုခွင့်နှင့် ဆိပ်ခံတံတားတည်ဆောက်ခွင့်ကို လူပုဂ္ဂိုလ်၊ လုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းများက လျှောက်ထားလာပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိစစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် စက်သုံးဆီတင်ရေယာဉ်များ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ရှိ မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေအပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများကို နိုင်ငံတော်၏ အခြားလိုအပ်သည့်နေရာတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုစနစ်ဖြင့် ဆောင်ရွက်မည့်သူမရှိပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးဌာနအနေဖြင့် နိုင်ငံတော်ထံမူဝါဒတောင်းခံ၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နည်းပညာဆိုင်ရာများအနေဖြင့် စီမံကိန်းတည်ရှိရာနေရာတွင် ပြတ်ရွေ့ကြောတည်ရှိမှု၊ လျှောင်လှုပ်ခတ်မှုရာဇဝင်နှင့် မြေမျက်နှာသွင်ပြင်အနေအထားဆိုင်ရာ စိန်ခေါ်မှုအချို့ရှိနေပါကြောင်း၊ စီမံကိန်းနေရာသည် ငလျင်အားပြင်းဇုန်အတွင်း ကျရောက်နေပါကြောင်း၊ သို့ဖြစ်ရာ တမံနှင့်ဆက်နွှယ်ရေအားအဆောက်အအုံများကို မြေငလျင်ဒဏ်ခံနိုင်ရန် ဒီဇိုင်းပုံစံအသစ် ပြန်လည်ပြင်ဆင်တွက်ချက်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် စိုက်ပျိုးမြေများကို ဆည်ရေပေးဝေရန်တို့အတွက် ဆက်လက်ဆောင်ရွက်သင့်သည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် မြစ်သာမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် နှစ်စဉ်ရေလွှမ်းမိုးမှုမှ ကာကွယ်တားဆီးနိုင်ရန်အတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းဧရိယာတစ်ခုလုံး နယ်မြေအခြေအနေ အေးချမ်းတည်ငြိမ်သည့်အချိန်တွင် JV/BOT စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသောကုမ္ပဏီများရှိပါက ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက်ရသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်တစ်ခုဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်း ၁၄ ခုမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဘဏ်ခွဲမှ ငွေသား၊ စာရင်းပြောင်း၊ ငွေလွှဲနည်းလမ်းများဖြင့် ဘဏ်ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဘဏ်ခွဲမှ တစ်ဆင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပုဂ္ဂလိကဘဏ်နှစ်ဘဏ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင်ရှိသည့် ပုဂ္ဂလိကဘဏ် ရှစ်ဘဏ်တို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကဘဏ်များနှင့်လည်း ချိတ်ဆက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များကို အခက်အခဲမရှိဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများ၏ လစာထုတ်ယူခြင်းနှင့် အငြိမ်းစားလစာထုတ်ယူခြင်းတို့ကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ဘဏ်ခွဲတွင် ငွေသား၊ စာရင်းပြောင်း၊ ငွေလွှဲနည်းလမ်းများအပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်ခွဲများရှိ ATM စက်များ၊ မိုဘိုင်းငွေပေးချေမှုတို့ဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ ယခုလတ်တလောအခြေအနေတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲဖွင့်လှစ်ဆောင်ရွက်ပေးရန် မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသခံတောင်သူများ စိုက်ပျိုးစရိတ်ချေးငွေများကို လွယ်ကူစွာရရှိနိုင်ရေးအတွက် တနိုင်းမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တစ်ခုကိုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက တနိုင်းမြို့နယ်တွင် ဘဏ်ခွဲမရှိသည့်အတွက် တနိုင်းမြို့နယ်မှ တောင်သူများ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဆင်ပြေစွာရရှိစေရေး မိုးကောင်းမြို့နယ်ဘဏ်ခွဲဝန်ထမ်းများက တနိုင်းမြို့နယ်သို့ သွားရောက်ထုတ်ချေးပေးခဲ့ပါကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် နယ်မြေဒေသအခြေအနေအရ ဝန်ထမ်းများက တနိုင်းမြို့နယ်သို့သွားရောက်ရန် အခက်အခဲရှိခြင်းကြောင့် တောင်သူများကို မိုးကောင်းမြို့နယ်ဘဏ်ခွဲသို့ လာရောက်စေပြီး ချေးငွေထုတ်ချေးပေးခြင်းကိုဆောင်ရွက်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဘဏ်ခွဲသို့ကိုယ်တိုင်လာရောက်၍ ချေးငွေထုတ်ယူရန် အခက်အခဲရှိသည့် တောင်သူများကို ကိုယ်စားလှယ်လွှဲစာဖြင့်လည်း ထုတ်ယူခွင့်ပြုထားပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြို့နယ်ဘဏ်ခွဲတစ်ခုဖွင့်လှစ်ရန်အတွက် ဘဏ်နှင့်ဆက်သွယ်သူ(Customer) တောင်သူဦးရေ အနည်းဆုံး ဦးရေ ၁၀၀၀ ရှိရန်လိုပြီး တောင်သူဦးရေပြည့်မီပါက ဘဏ်၏ဖွဲ့စည်းပုံတွင် ထည့်သွင်းရေးဆွဲတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ဘဏ်ခွဲနေရာနှင့် အဆောက်အအုံစီစဉ်ခြင်း၊ ဝန်ထမ်းခန့်ထားဆောင်ရွက်ခြင်း၊ ဘတ်ဂျက်လျာထားတင်ပြခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဘဏ်ခွဲသစ်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တနိုင်းမြို့နယ်အနေဖြင့် မိုးကောင်းမြို့နယ် ဘဏ်ခွဲနှင့်ဆက်သွယ်သူ တောင်သူဦးရေမှာ ၂၀၂၀ ပြည့်နှစ်တွင် အများဆုံး ၃၇၈ ဦးသာရှိပြီး ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေချေးယူသည့် တောင်သူဦးရေမှာ ၁၉ ဦးသာရှိပါကြောင်း၊ သို့ပါ၍ လတ်တလောတွင် တနိုင်းမြို့နယ် ဘဏ်ခွဲဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တနိုင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် တောင်သူများ အဆင်ပြေစွာထုတ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် တရုတ်၊ အိန္ဒိယလွှတ်တော်များ ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူပြီး မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင်တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ မြန်မာ-အိန္ဒိယ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရွှီဖုန်နှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်တို့ အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် တရုတ်၊ အိန္ဒိယ လွှတ်တော်များ ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊

စာမျက်နှာ ၂၃ သို့

# မြစ်ကြီးနားမြို့နှင့် မြိတ်မြို့တို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်ပုံရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အေးချမ်းသာယာပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါစာသင်တိုက်ရှိ သံဃာတော် ၇၅ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

**စာမျက်နှာ ၂၂ မှအဆက်**

အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ၏ အခန်း ၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ၁၀၆ ၏ ပုဒ်မခွဲ (က)(ခ)(စ) နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့ကို ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို** ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်က တင်သွင်းရာတွင် ယင်းပုဒ်မများသည် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့်သက်ဆိုင်သော ဥပဒေပုဒ်မများ ဖြစ်ကြပါကြောင်း၊ မြေနုကျွန်းမြေပေါ်တွင် စိုက်ပျိုးအသက်မွေးနေကြသော ကိုင်းတောင်သူများသည် တစ်နှစ်လျှင် တစ်ရာသီသာ မြစ်ရေကျချိန်တွင် စိုက်ပျိုး၍ရပြီး မြေနုကျွန်းမြေဖြစ်သောကြောင့် မြေအစိုဓာတ်ခန်းခြောက်မြန်သော မြေအမျိုးအစားဖြစ်ပါကြောင်း၊ တစ်နှစ်တစ်ရာသီ စိုက်ပျိုး၍ရသော အကျိုးအမြတ်ဖြင့် လူမှုစီးပွားဘဝကို ဖြေရှင်းရသဖြင့် မြေနုကျွန်းမြေတွင် စိုက်ပျိုးခွင့်ရရေးသည် ကိုင်းတောင်သူတို့ဘဝဖြစ်ပါကြောင်း၊ မြေနုကျွန်းမြေများ ပိုင်ဆိုင်မှုအာမခံချက်ရရှိရေးနှင့် မြေနုကျွန်းမြေများခွဲဝေရာတွင် လုပ်ငန်းအဆင့်တိုင်းပွင့်လင်းမြင်သာစွာလုပ်ဆောင်ရန်အတွက် နည်းဥပဒေ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

နည်းဥပဒေပုဒ်မ ၁၀၃ အရ မူလပြဋ္ဌာန်းချက်တွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်ဟူသောအချက်သည် မြေနုကျွန်းမြေခွဲဝေရရှိထားသော တောင်သူများ၏ပိုင်ဆိုင်မှုကို ယုတ်လျော့စေပြီး တောင်သူများဘဝမလုံခြုံမှုကိုဖြစ်စေခြင်း၊ ခွဲဝေရရှိထားသောပိုင်ဆိုင်မှုကိုစွန့်လွှတ်လိုမှုမရှိခြင်း၊ ဥပဒေမလိုက်နာသူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်စေခြင်း၊ နှစ်စဉ်နှစ်တိုင်း ပြန်လည်ခွဲဝေချထားရမည်ဆိုပါက စီမံခန့်ခွဲမှုအလွဲများလည်း ဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် မြေနုကျွန်းမြေများသည်လည်းကောင်း၊ မြေနုကျွန်းမြေ သို့မဟုတ် ကမ်းခြေနှင့်ဆက်စပ်၍ပေါ်ထွန်းလာသော မြေနုများသည်လည်းကောင်း အရွယ်အစားအားဖြင့်ဖြစ်စေ တည်နေရာကိုဖြစ်စေ ပုံသဏ္ဌာန်အားဖြင့်ဖြစ်စေ ပြောင်းလဲလေ့ရှိသဖြင့် ပြောင်းလဲပေါ်ထွန်းသောမြေနုကျွန်းမြေအသစ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

ပုဒ်မ ၁၀၄ သည် ခွဲဝေချထားပြီးသော မြေနုကျွန်းများသည် တစ်နှစ်တစ်ရာသီအတွက်သာ ယာယီသဘောမျိုးသက်ရောက်နေပြီး ခွဲဝေရရှိထားသော တောင်သူများ၏ ပိုင်ဆိုင်မှုကိုအာမခံချက်မရှိသကဲ့သို့ ဖြစ်နေပါသဖြင့် "ရေကျ၍ ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများ မပြောင်းလဲသည့် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို မူလလုပ်ပိုင်ခွင့်ရထားသူကို ခွင့်ပြုရပြီး ပြောင်းလဲသွားသော ကျွန်းနုမြေအသစ်များ၏ လုပ်ပိုင်ခွင့်ကို စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားရန်ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင်ကြိုတင်စီမံထားရမည်"ဟု ဖြည့်စွက်ပြင်ဆင်လိုပါကြောင်း။

ပုဒ်မ ၁၀၆ ပုဒ်မခွဲ(က) မူလပြဋ္ဌာန်းချက်တွင် "ယခင်က လုပ်ပိုင်ခွင့်ချထားပေးခဲ့မှုကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။ သို့ရာတွင် ယင်းအချက်ကို အဓိကအခြေခံ၍ သတ်မှတ်ခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားရှိပါသဖြင့် ယင်းအချက်သည် မူလခွဲဝေရရှိထားသော လုပ်ပိုင်ခွင့်ရသူ တောင်သူ၏ပိုင်ဆိုင်ခွင့်ကို တိကျပြတ်သားသော စကားလုံးများဖြင့် ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် "ရေကျ၍ ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဌာန်၊ တည်နေရာများ မပြောင်းလဲသည့် မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို ယခင်နှစ်က လုပ်ပိုင်ခွင့်ရထားသူကို လုပ်ပိုင်ခွင့်ပြုရမည်"ဟု ပြင်ဆင်ပြဋ္ဌာန်းလိုပါကြောင်း။

ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ခ) မူလပြဋ္ဌာန်းချက်တွင် "မြေနုကျွန်းမြေနှင့် အနီးကပ်ဆုံးဟု သတ်မှတ်သည့် ကျေးရွာမှ စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့်လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားပေးရန်ရွေးချယ်ရမည်" ဟု ပြဋ္ဌာန်းထားရှိရာ "မြေနုကျွန်းမြေသစ်နှင့် အနီးကပ်ဆုံးဟု သတ်မှတ်သည့်ကျေးရွာမှ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သော အင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားပေးရန် ပွင့်လင်းမြင်သာစွာရွေးချယ်ရမည်" ဟု ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းလိုပါကြောင်း။

ပုဒ်မ ၁၀၆ ပုဒ်မခွဲ(စ) မူလပြဋ္ဌာန်းချက်တွင် "ရွေးချယ်ထားသည့် တောင်သူလယ်သမားအိမ်ထောင်စုများကို ယင်းတို့၏ ကျေးရွာနှင့်နီးစပ်ရာအကွက်များကို မဲစနစ်ဖြင့် ချထားပေးရမည်"ဟု ပြဋ္ဌာန်းထားရှိရာ ဥပဒေတစ်ပိုဒ်လုံးကို "နည်းဥပဒေ(ခ)အရ လုပ်ပိုင်ခွင့်အကျုံးဝင်သူအားလုံး၏အမည်စာရင်းကို ပွင့်လင်းမြင်သာစွာစာရင်းပြုစုကြေညာ၍ နည်းဥပဒေခွဲ(င)အရ အမှတ်စဉ်တပ်ပြီးသော မြေနုကျွန်းမြေသစ်များကို မဲနှိုက်စနစ်ဖြင့် ရွေးချယ်လုပ်ပိုင်ခွင့်ပေးခြင်းတို့ကို လုပ်ငန်းအဆင့်အလိုက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်" ဟု ပြင်ဆင်ပြဋ္ဌာန်းလိုပါကြောင်း။

ပုဒ်မ ၁၁၂ ပုဒ်မခွဲ(က)ကို ရှေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သောအချက်များနှင့် လိုက်လျောညီထွေစွာဖြစ်စေရန် အလို့ငှာ အဆိုပြုပြဋ္ဌာန်းချက်တွင် "မြေခွန်ကိုသာ ထမ်းဆောင်ရမည်"ဟု ပြင်ဆင်သတ်မှတ်လိုပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်သန်းဦးက ထောက်ခံတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို လွှတ်တော်ကဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇူလိုင် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား
လွှတ်တော်
ရုပ်သံဖိုင်
ကြည့်ရန်



## အခွင့်အရေးနှင့် တာဝန်

လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ အခွင့်အရေးတွေ ပိုရတာတွေလည်းရှိတယ်။ အခွင့်အရေးတွေ ပိုရသလိုပဲ တာဝန်တွေလည်း ပိုလာလိမ့်မယ်။ ဘယ်လိုတာဝန်တွေပိုလာမလဲဆိုလျှင် ဒီတိုင်းပြည်ကို အင်္ဂလိပ်က အုပ်ချုပ်နေတုန်းက ဒီမြန်မာပြည်ကို ကာကွယ်ဖို့တာဝန်ဟာ အင်္ဂလိပ်ရဲ့တာဝန်သာဖြစ်တယ်။ သို့သော်လည်း ဒီမြန်မာပြည်ကို ကျုပ်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ကျုပ်တို့မြန်မာတွေကသာလျှင် မြန်မာပြည်ကို ကာကွယ်ရမယ့်တာဝန်ဟာ အဓိကဖြစ်တယ်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်

## ဆီဆိုင်မြို့နယ်မှ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာ ခြောက်ရွာအတွက် အိမ်သုံး ဆိုလာ ၇၁၅ စုံ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇူလိုင် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စုနှင့် နားခိုက်ကျေးရွာအုပ်စုတို့မှ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာ ခြောက်ရွာအတွက် အိမ်သုံး ဆိုလာ ၇၁၅ စုံကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းကကျင်းပခဲ့ခြင်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်ပေးအပ်သည်။

ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဒေသခံတိုင်းရင်းသားပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ရှိသည့် အိမ်သုံးဆိုလာမီးများ တပ်ဆင်ပေးရခြင်းသည် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ လင်းခေးမြို့ တောင်ရွာရပ်ကွက်၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှု၊ ဒါးဆိပ်-နောင်လုံ-ဝမ်စစ်-ဟိုက်ကွေ့ လမ်းမကြီး၌ ပေ ၂၀ ကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဇူလိုင် ၁၄ ရက်ကလည်း ပင်လောင်းမြို့နယ် ပကျော်-ထီးရွှေး-ထီးရယ် မြေသားလမ်း ၃ မိုင် ၃ ဖာလုံကို အမာခံ ဖြုန်းလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဓာတ်အားယာယီပြတ်တောက်မည်

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လေဆိပ်ဓာတ်အားခွဲရုံသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃ ကေဗွီ ပျဉ်းမနား-နေပြည်တော် လေဆိပ်ဓာတ်အားလိုင်း အပြစ်ဖြစ်ပွားခဲ့ခြင်းကို ပြုပြင်တည်ဆောက်ပြီးဖြစ်သဖြင့် လေဆိပ်ဓာတ်အားခွဲရုံသို့ ဓာတ်အားလိုင်း ပြန်လည်ချိတ်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်နှင့် လွတ်ကင်းမှုမရှိသည့် ၃၃ ကေဗွီ အေလာ-သာဝတ္ထိ ဓာတ်အားလိုင်းကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် သာဝတ္ထိမြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် ရုံးဌာနများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အားနှစ်ဆကျော်ထိ တိုးမြှင့်သယ်ဆောင်နိုင်သည့်နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံ ဓာတ်အားလိုင်းကြိုးဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို တိုင်အမှတ်(၁၁၄) နှင့် (၁၁၅)ကြား၊ တိုင်အမှတ်(၁၁၈)နှင့် (၁၁၉) ကြားတို့တွင် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်းအောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး-သစ်ရာကောက် ဓာတ်အားလိုင်းကို ဇူလိုင် ၁၇ ရက် မှ ၁၉ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့နှင့် သစ်ရာကောက်မြို့အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ဇီဝမျိုးစုံမျိုးကွဲ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

## ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။



**❑ မန္တလေးတိုင်းဒေသကြီးအတွင်းမှ**

မန္တလေးတိုင်းဒေသကြီး FDA ရုံးအနေဖြင့် လုပ်ငန်းအမျိုးအစားများအပေါ် မူတည်၍ ခွင့်ပြုချက်များ စိစစ်ထုတ်ပေးလျက်ရှိပြီး အချိန်ကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးသွားရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဆိုပါရုံးကို ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့သည်။

ထို့ပြင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများအနေဖြင့် သိရှိလိုက်နာရမည့် အချက်များ၊ လျှောက်ထားလာမှုများ စိစစ်မှုလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာ သိရှိလာစေရေးနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❖ ကမ္ဘောဇလားပြိုင်ပွဲမှ**

နှစ်ကြိမ်ဆက်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတင်ကတည်းက နှစ်သင်းလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးကစားခဲ့ကြသော်လည်း ပထမပိုင်းတွင်ဂိုးကန်သွင်းခွင့်အနည်းငယ်သာရရှိခဲ့ကြပြီး ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲချိန် ၅၅ မိနစ်တွင် ရော်ဂျာဖန်တီးပေးမှုမှတစ်ဆင့် ဂေါ်ဒွန်က အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

အင်္ဂလန်အသင်းနည်းပြ တူချယ်က ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက်ပိုင်း လက်ကျန်ပွဲချိန်များတွင် အနိုင်ရလဒ်ကို ထိန်းချုပ်နိုင်ရန်အတွက် ခံစစ်ကစားသမားများကို လူစားလဲကစားခဲ့ပြီးနောက်ပိုင်း အာဂျင်တီးနားအသင်းက တစ်ဖက်သတ်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၈၅ မိနစ်တွင် အန်ဇိုဖာနန်ဒက်က အာဂျင်တီးနားအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် မက်ဆီ၏ ဖန်တီးပေးမှုမှတစ်ဆင့် လူစားဝင်ကစားသမား လူတာရိုမာတီနက်က ခေါင်းတိုက်ပြီး ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် အာဂျင်တီးနားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘောဇလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ နှစ်ကြိမ်ဆက်တက်ရောက်နိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ ကမ္ဘောဇလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၀ ရက်တွင် စပိန်အသင်းနှင့်ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်ခဲ့သည့် ပြင်သစ်အသင်းနှင့် အင်္ဂလန်အသင်းတို့သည် တတိယလုပွဲအဖြစ် ဇူလိုင် ၁၉ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

**● ရေနံချောင်းမြို့နယ်မှ**

အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၁၅ ကျောင်းတို့မှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၂၄၄၉ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

ချိုမီအောင်(ပြန်/ဆက်)


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး ဗဟုသုတလဲရ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကြယ်ကြယ်၊ ကာတွန်းစိုးစံနှင့် ကာတွန်းသြဇသတို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ရဲဘော်-မြသိန်း(ဟိုပုံး)၊ နတ်မောက်ကြည်မြိုင်၊ လက်ပံနီ၊ ချစ်စုအောင်၊ ကန့်ဘလူခင်မောင်ဆွေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၄- ၇-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၃၀)၊ အမှတ်(၂၆)ထွက်ပြီ။



♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦



တပ်မတော်စစ်ကြောင်းများက အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ပြည်သူ့ဆေးရုံကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ လူနေအိမ်များအတွင်း ဘန်ကာများဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ မီးသတ်ရုံးအတွင်း ဘန်ကာများဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ကို ဖျက်ဆီး၍ စစ်စခန်းအဖြစ်အသုံးပြုထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ထန်တလန်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကိုဖျက်ဆီး၍ စစ်စခန်းအဖြစ် အသုံးပြုထားမှုကို တွေ့ရစဉ်။

**■ ထန်တလန်မြို့မှ**

၎င်းတို့စိတ်တိုင်းကျ အုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ ဒေသကောင်းစားရေးဟု မက်လုံးများပေးကာ ဒေသခံပြည်သူများက ၎င်းတို့အပေါ် ထောက်ခံအားပေးလာစေရန် လုပ်ဆောင်ခဲ့ကြသော်လည်း အမှန်တကယ်တွင် မြို့၊ရွာများ၌ တိုက်ပွဲများဖော်ဆောင်ခဲ့သောကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်သေကျေပျက်စီးမှု များစွာဖြစ်ပေါ်ခဲ့ရပြီး ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရကာ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများလည်း အဘက်ဘက်က နိမ့်ကျဆုံးရှုံးခဲ့ရသည်။

ထို့ပြင် NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံများဖြစ်သည့် CNF၊ CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ချင်းပြည်နယ် ထန်တလန်မြို့ကို အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ထန်တလန်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို သာလွန်အင်အားများ၊ လက်နက်ကြီးများကို အဆမတန်အသုံးပြု၍ စစ်ရေးပစ်မှတ် မဟုတ်သည့် အစိုးရရုံးဌာနများ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လူနေအဆောက်အအုံများကို အကာအကွယ်ရယူကာ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခံခုခံခဲ့ကြသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာရရှိမှုများ များပြားလာခြင်း၊ ခဲယမ်းများနည်းပါးလာခြင်း၊ ရာသီဥတုအခြေအနေ၊ နယ်မြေအခြေအနေနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာသည့်အတွက် ထန်တလန်မြို့မှ ခေတ္တဆုတ်ခွာပေးခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ထန်တလန်မြို့ကို ယာယီထိန်းချုပ်ထားစဉ်အတွင်း လူနေအဆောက်အအုံများအတွင်းရှိ အသုံးအဆောင်ပစ္စည်းများနှင့် အဖိုးတန်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးဌာနများ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးရုံ ဆေးခန်းများ၌ဘန်ကာများ၊ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ ပြုလုပ်ကာ အခိုင်အမာခံစစ်ဆင်၍ မြို့ရွာများအတွင်း တိုက်ပွဲများ ဖော်ဆောင်ရန် ကြိုးပမ်းလာသောကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြို့ရွာများ အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ပြန်လည်သိမ်းပိုက်ရရှိရေးတို့အတွက် စီမံချက်များရေးဆွဲကာ လိုအပ်သည့်ပြင်ဆင်စုဖွဲ့များ ဆောင်ရွက်ပြီး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ထန်တလန်မြို့ကို အလုံးစုံ ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။

ထိုသို့ ထိခိုက်သေဆုံးမှု များပြားခဲ့သော CNF၊ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ထန်တလန်မြို့ကို ပြန်လည်တိုက်ခိုက်ရန်အတွက် လူ၊ လက်နက်ခဲယမ်းများ ပြန်လည်စုဆောင်းကာ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဒုတိယအကြိမ်အဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလစ်အငိုက်ရယူကာ လူအင်အား၊ လက်နက်အင်အား သာလွန်စွာဖြင့် တိုက်ခိုက်လာခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထန်တလန်မြို့ကို ရန်သူ့လက်သို့ မကျရောက်စေရေး ကျားကုတ်ကျားခဲ ရဲရဲဝံ့ဝံ့ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လူအင်အားများ အဆမတန်ဖြည့်တင်းလာခြင်း၊ ပြည်သူလူထုနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ ထိခိုက်ပျက်စီးမှု များပြားလာခြင်းများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထန်တလန်မြို့အတွင်းရှိ နေရာအချို့ကို ယာယီဆုတ်ခွာ စွန့်လွှတ်ခဲ့ကြရပြီး ရန်သူကိုရင်ဆိုင်ထိန်းချုပ်ထားခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ထန်တလန်မြို့အတွင်းရှိ ယာယီစွန့်လွှတ်ခဲ့ရသော နေရာများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများကို အခက်အခဲမျိုးစုံကြားမှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ထန်တလန်မြို့အတွင်းရှိ မြို့နယ်ရဲစခန်းကို ဇွန် ၁၃ ရက်တွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းကို ဇွန် ၁၉ ရက်တွင်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို ဇူလိုင် ၅ ရက်တွင်လည်းကောင်း၊ ပြည်သူ့ဆေးရုံကို ဇူလိုင် ၈ ရက်တွင်လည်းကောင်း၊ မြို့နယ်မီးသတ်ရုံးကို ဇူလိုင် ၁၂ ရက်တွင်လည်းကောင်း၊ ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် ဟိုတယ်ဇုန်နေရာကိုလည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် ယနေ့တွင် ထန်တလန်မြို့ကို အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ထန်တလန်မြို့ကို ပြန်လည်ထိန်းချုပ်ရရှိရေးအတွက် ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ အလောင်းများ၊ လက်နက်မျိုးစုံ ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ကြရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ကာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အဆိုပါဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာဒေသအလိုက် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများကလည်း ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့တစ်ခုလုံးကို အလုံးစုံ ပြန်လည်သိမ်းပိုက် ထိန်းချုပ်ပြီးချိန်တွင်

စာမျက်နှာ ၂၇ သို့





အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ မဖြိုဖျက်မီတွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး၂၀ အနက် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ သုံးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**စာမျက်နှာ ၂၆ မှအဆက်**

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးဌာနများ၊ သာသနိကအဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊စာသင်ကျောင်းများနှင့်လူနေအိမ်များအတွင်း ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများဆောက်လုပ်၍ ယာယီခံစစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်များအတွင်းရှိ အသုံးအဆောင်ပစ္စည်းများနှင့် အဖိုးတန်ပစ္စည်းများကိုလည်း အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ ဖျက်ဆီးခြင်းများ စသည့်အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။


ထန်တလန်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ပျက်စီးနေမှုကို တွေ့ရစဉ်။


ထန်တလန်မြို့ ပဆင့်ရုံးအဆောက်အအုံပျက်စီးနေမှုနှင့် အဆောက်အအုံအတွင်း အကြမ်းဖက်သောင်းကျန်းသူများက ဘန်ကာများ ဆောက်လုပ်ထားရှိမှုကို တွေ့ရစဉ်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် နိုင်ငံရေး၊ လူမျိုးရေး၊ ဒေသကောင်းစားရေးဟု ခေါင်းစဉ်အမျိုးမျိုးတပ်၍ အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများကို နိုင်ငံရေးဝါဒမှိုင်းများ တိုက်ကာ အကြမ်းဖက်မှုကိုလိုလားသော EAO အဖွဲ့များနှင့် ချိတ်ဆက်ပေး၍ PDF အမည်ခံ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ မြို့ရွာများ၌ တိုက်ပွဲများ ဖော်ဆောင်ရန် ခိုင်းစေခြင်းများကြောင့် လက်တွေ့တွင် အဆိုပါဒေသရှိ ပြည်သူလူထုနေထိုင်ရာ မြို့ရွာများ ပျက်စီးခဲ့ကြရပြီး ဒေသခံများအနေဖြင့် တိုက်ပွဲကင်းလွတ်ရာနေရာများသို့ တိုက်တာ၊ အိုးအိမ်၊ စည်းစိမ်များကိုစွန့်လွှတ်၍ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။ ယခုအခါ ပြည်သူများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ရွံရှာစက်ဆုပ်မုန်းတီးမှုများ ဖြစ်ပေါ်လာပြီး ၎င်းတို့ကို လက်မခံနိုင်တော့သဖြင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုသတင်းများနှင့် နေထိုင်အခြေပြုရာနေရာများကို နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံ သတင်းပို့ခြင်းများဖြင့် တပ်မတော်၏ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြသည်။

တပ်မတော် စစ်ကြောင်းများက ယခုကဲ့သို့ ထန်တလန်မြို့နှင့်ဒေသတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် များစွာကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း အဆိုပါဒေသများအတွင်း တိုက်ပွဲများကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည့် ဒေသခံပြည်သူများကို ၎င်းတို့နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ယိုယွင်းပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ပေးခြင်းနှင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ မြင့်မားစေရေးတို့အတွက် လိုအပ်သည့် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်အစိုးရ၏ စီစဉ်ဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အတူ လက်တွဲပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ဝတ္ထုတိုကဏ္ဍ

# ထိုနေ့က မီးမလာပါ

မစန္ဒာ



**ယမန်နေ့မှအဆက်**

"အခု အေးနေတယ်ဆိုတာ မီးနဲ့မတွေ့သေးလို့ဟ၊ မီးပြင်းပြင်းလေးနဲ့များ တွေ့ကြည့်ပါလား။ ငါတို့အဖေ ဖယောင်းတိုင်ကြီး ဟုန်းခနဲထတောက်ပြီး အရည်ပျော်သွားမှာ၊ လောင်းတောင်လောင်းလိုက်ချင်သေး"

အဖေ့ကို မကျေနပ်ရင်းစွဲမို့ သူ၏မောင်က ခပ်ဖိဖိပြောခြင်းဖြစ်သည်ဟု ဘောကတော်က ယူဆသည်။ မည်မျှပင်ကျန်းမာသည်ဆိုဆို အဖေ့ဆီသို့ ချင်းနင်းဝင်ရောက်လာသော ဇရာ၏အရိပ်အယောင်များက တဖြည်းဖြည်း ထင်ရှားလာနေပြီဖြစ်သည်။ ဆေးများ မကူလျှင်တော့ အဖေ့ဆံပင်များသည် ဖွေးဖွေးဖြူနေပြီဖြစ်လေသည်။ ကြည့်ပါဦး၊ အဖေ့ခမျာ လမ်းလျှောက်လျှင်ပင် ခါးကလေးမသိမသာကိုင်းနေပြီဖြစ်သည်။ နားမလေးသေးဟုထင်ရသော်လည်း ပြောသမျှစကားများကို အလွဲတွေကြားနေတတ်ပြီဖြစ်သည်။ တစ်နေ့တုန်းကပင် တရုတ်နိုင်ငံမှလာသော တည်သီးဝါဝါကြီးများကို ဈေးမှာတွေ့၍ဝယ်လာခဲ့သည်။ "အဖေစားဖို့ တရုတ်တည်သီးတွေပါလာတယ်" ဟုပြောတော့ "တရုတ်ကြယ်သီးကို ငါကဘာလို့စားရမှာလဲ" ဟု ဘုကန့်လန့်ပြန်ပြောသေးသည်။

"အသက်က ခုနစ်ဆယ်ပြည့်ဖို့ နှစ်နှစ်ပဲ လိုတော့တယ်၊ မျက်စိမှုန်၊ ခါးကိုင်းပြီး နားလဲလေးနေပါပြီဟာ။ ငါတို့အဖေ အေးချမ်းငြိမ်သက်နေပါပြီ"

သူကပြောတော့ မောင်ဖြစ်သူက ရယ်နေပြန်လေသည်။ ပြောမဲ့သာပြောရသော်လည်း ဘောကတော်၏စိတ်ထဲတွင်တော့ "ငါတို့အဖေက ဖွဲတစ်ဆုပ်မကဘူး၊ တစ်တောင်းလုံးတောင် ထမ်းနိုင်နေသေးတာတော့အမှန်ပဲ" ဟု တွေးနေမိလေသည်။

ဖွဲတစ်တောင်းထမ်းနိုင်သေးသော ဖယောင်းတိုင်ကြီးသည် မကြာမီပင် မီးနှင့် တွေ့လေတော့သည်။

ပြဿနာက ဒေါ်ကုလားမဖြစ်လေသည်။ ဘောယောက္ခမကြီး မီးနှင့်မတွေ့မီ သူကအရင် ရေနှင့်တွေ့သွားသောကြောင့်ဖြစ်သည်။ ညနေပိုင်း မိုးသည်းထန်စွာရွာသော နေ့တစ်နေ့တွင် ဒေါ်ကုလားမ မိုးမိလေသည်။ မိုးရေတွေ တုတ်တုတ်ရွှဲကာ အိမ်ပြန်ရောက်လာပြီး ညကျတော့ ဖျားလေတော့သည်။

ဒေါ်ကုလားမ ဖျားလေတော့ ဦးစွာဒုက္ခရောက်ရသူမှာ ဘောကတော်ဖြစ်လေသည်။ ဒေါ်ကုလားမ ရောက်မလာလေတော့ နံနက်စောစောစာမှ အစပြု၍ ညနေစာထိ အဆင်မပြေချင်တော့ပေ။ ဒေါ်ကုလားမ၏လက်ထောက် ပိန်ခြောက်ခြောက်ကလေးက အိုးသူကြီးဝင်လုပ်လေတော့ မဆလာတွေ ဖောဖောသီသီခတ်ထားသော ကြက်သားဟင်းက အမည်းရောင်သန်းနေသည်။ အစိမ်းကြော်က ပျော့ပြီး ပြဲနေသည်။ မုန်လာဥချဉ်ရည်ဟင်းက ပေါ့ရွှတ်ရွှတ်နှင့် အရသာမရှိလှချေ။

ညနေကျတော့ ဒေါ်ကုလားမက ဖုန်းဆက်ပြီး အကျိုးအကြောင်းမေးသည်။ ကိုယ်တွေလက်တွေ ကိုက်ခဲပြီး ချောင်းလည်းမရပ်မနားဆိုးနေသဖြင့် မလာနိုင်သေးကြောင်း ဆက်ပြီးခွင့်တိုင်သည်။ ဘောကတော်က အဖျားကူးမှာစိုးသဖြင့် အတင်းမလာခိုင်းသော်လည်း ချူသံပါအောင် ညည်းရှာလေသည်။

"ဒီလိုဆိုရင် မီးမီးလေးကို လွှတ်ပေးမယ်အစ်မ၊ သူကပြိုင်ပွဲတွေမှာတောင် အမြဲဆုရနေတာ။ ကျွန်မထက်ပိုပြီး အချက်အပြုတ်ကောင်းတယ်"

"အမလေး... ကျေးဇူးတင်လိုက်တာ ဒေါ်ကုလားမရယ်၊ ဆက်ဆက်လွှတ်ပေးလိုက်စမ်းပါ"

သို့နှင့်ပင် ဇာတ်လမ်းစခဲ့ကြခြင်းဖြစ်လေသည်။

ဘောကတော်မသိသေးသည်က မီးမီးလေးသည် ဒေါ်ကုလားမထက်ဆယ်ဆမက ပို၍လှုရည်လည်သည်ဟူသော အကြောင်းကိုပင်ဖြစ်သည်။

ဒေါ်ကုလားမက ရင်မောက်မောက်၊ တင်ကောက်ကောက်နှင့် ဗိုက်ကလည်း တော်တော်ပူလေသည်။ သူ့ကိုများ ဘေးတိုက်ကြည့်လိုက်လျှင် စာတတ်ခါစကလေးတစ်ယောက် ကြိုးစားပမ်းစားရေးထားသော ပုံစံခပ်ပျက်ပျက် နငယ်ကြီးနှင့် တူလေသည်။

မီးမီးလေးကြီးလာလျှင် သူ့မိခင်လိုဖြစ်ကောင်းဖြစ်မည်ဟုထင်စရာရှိသည်။ သို့ပါသော်လည်း ယခုအချိန်မှာတော့ သူ၏အချိုးအစားသည် ဒေါ်ကုလားမ၏အချိုးအစားကို လေးနှင့်စားထားသည်နှင့် တူလေသည်။ ထို့ကြောင့် အသားလေးဖြူဖြူ၊ အရပ်လေးမြင့်မြင့်၊ ခါးကျဉ်ဗိုက်ရှပ်ကာ ရင်ကလေးမသိမသာမောက်၊ တင်ကလေးမသိမသာကောက်သော သူ၏ကောက်ကြောင်းကလေးက တော်တော်လေးလှလေသည်။ မျက်ခုံးမျက်လုံးလှသည့်အပြင် နှုတ်ခမ်းကလေးသည်လည်း အမြဲပြုံးနေတတ်သေးသည်။

မီးမီးလေးကိုတွေ့တော့ ဘောကတော်ခမျာ ရင်တော်တော် ပူသွားရှာသည်။ "ဒေါ်ကုလားမရဲ့ သမီးက အလှစားလေးပါလား" ဟု အာမေဋိတ်ပြုရင်း အိမ်တွင် ရှိရှိသမျှ ပုရိသများအတွက် စိုးရိမ်သွားသည်။ သို့ပါသော်လည်း "သုံး၊ လေးရက်နဲ့တော့ ကိစ္စမရှိလောက်ပါဘူးလေ"ဟု ပြန်တွေးပြီး ဖြေသိမ့်ရသည်။

**❖ "အသက်က ခုနစ်ဆယ်ပြည့်ဖို့ နှစ်နှစ်ပဲလိုတော့တယ်၊ မျက်စိမှုန်၊ ခါးကိုင်းပြီး နားလဲလေးနေပါပြီဟာ။ ငါတို့အဖေ အေးချမ်းငြိမ်သက်နေပါပြီ" သူကပြောတော့ မောင်ဖြစ်သူက ရယ်နေပြန်လေသည်။ ပြောမဲ့သာပြောရသော်လည်း ဘောကတော်၏စိတ်ထဲတွင်တော့ "ငါတို့အဖေက ဖွဲတစ်ဆုပ်မကဘူး၊ တစ်တောင်းလုံးတောင် ထမ်းနိုင်နေသေးတာတော့ အမှန်ပဲ"ဟု တွေးနေမိလေသည်။ ဖွဲတစ်တောင်းထမ်းနိုင်သေးသော ဖယောင်းတိုင်ကြီးသည် မကြာမီပင် မီးနှင့်တွေ့လေတော့သည်။ ပြဿနာက ဒေါ်ကုလားမဖြစ်လေသည်။ ဘောယောက္ခမကြီး မီးနှင့်မတွေ့မီ သူကအရင် ရေနှင့်တွေ့သွားသောကြောင့်ဖြစ်သည်။ ❖**

မီးမီးလေး၏လက်ရာသည် သူ့အမေလိုပင် စားကောင်းပါသည်။ လက်ရာပြောင်းကလေးဖြစ်၍ ပို၍ပင်ခံတွင်းလိုက်နေသေးလေသည်။ မီးမီးလေးကိုယ်တိုင်စောင့်ကြည့်ပြီး လိုသမျှလိုက်ထည့်ပေးနေတော့ ယောက်ျားသားလေးဦးက ဣန္ဒြေကြီးနေကြသည်။ ခါတိုင်းလို ဆူဆူညံညံ စကားသံမကြားရဘဲ ထမင်းဝိုင်းက ငြိမ်နေသည်၊

"ညကျမှစိတ်ကူးရလို့ တစ်ခုခုစားချင်ရင်လဲ မီးဆီကို ဖုန်းဆက်လိုက်ပါနော်။ နောက်နေ့အတွက် အားလုံးအဆင်ပြေအောင် မီး စီစဉ်ပေးပါ့မယ်"

မီးမီးလေးက သူ၏ ဖုန်းနံပါတ်ကို ပြောသည်။

"ငါးကင် ဒေါ်ကြီးကုလားမ ကင်ပေးတာမျိုး"

ဘောသားကလေးဆီမှ အသံကဦးစွာထွက်လာသည်။ မီးမီးလေးက ပြုံးပြုံးလေးခေါင်းညိတ်သည်။ "ပိုကောင်းစေရမယ်" ဟူ၍လည်း အာမခံလိုက်သေးသည်။

ဘောကတော်ကအဖေကိုဦးစားပေးကာ "အဖေရော၊ ဘာလေးများ စားချင်သလဲဟင်" ဟု မေးသည်။ ဘောယောက္ခမကြီးက "ဘာလေးဖြစ်ဖြစ် ရပါတယ်ကွယ်၊ များများလဲ မစားနိုင်ပါဘူး"ဟု အေးဆေးစွာပြောသည်။ ထို့နောက် နေ့ခင်းကျရင်တော့ နွားနို့ပူပူလေးတစ်ခွက် အခန်းထဲပို့ခိုင်းပေးပါ သမီးရယ်ဟု ပြောသည်။ မီးမီးလေးကို လှည့်စောင်း၍ပင် မကြည့်ဘဲ သူ့သမီးကိုသာ သူဣန္ဒြေရစွာပြောသည့်အတွက် အဖေကိုအကဲခတ်နေသော ဘောယောက်ဖပင် အတန်ငယ်ကျေနပ်သွားလေသည်။ သို့သော် သူ့ဖခင်က သူ့ထက်တစ်ကွက်မက အကွက်ပေါင်းများစွာသာနေကြောင်း ဘောယောက်ဖ မသိရှာချေ။

ဘောကတော်က "နေ့ခင်းကျရင် ဘူးထဲက ကောင်းဟက်နွားနို့ကိုပူအောင် ပြန်ကျိုပြီး အဖေ့ဆီကို ပို့ပေးနော်" ဟု ပိန်ခြောက်ခြောက်ကလေးကိုမှာပြီး ဘောနှင့်အတူ အပြင်ထွက်သွားသည်။ ဘောယောက်ဖကလည်း ထုံးစံအတိုင်း သူ၏တယ်လီဖုန်းဆိုင်ကို သွားသည်မှာ ညနေစောင်းမှ ပြန်ရောက်တော့မည်ဖြစ်သည်။ ဘောသားနှင့် သမီးတို့လည်း ဆိုင်ရာ သင်တန်းများသွားကြသည်။ ထိုအချိန်တွင် မီးမီးလေးဆီသို့ တယ်လီဖုန်းသတင်းက တိန်ခနဲရောက်လာသည်။ "နွားနို့ ရပြီလား"တဲ့။

မီးမီးလေးလည်း လှစ်ခနဲပြုံးလိုက်မိသည်။ ထမင်းဝိုင်းတွင် ပြောလိုက်သော သူ၏တယ်လီဖုန်းနံပါတ်ကို တစ်ချီတည်းအလွတ်ရအောင် မှတ်လိုက်နိုင်သော ဘိုးဘိုး၏ဦးနှောက်ကိုလည်း ချီးကျူးလိုက်မိသည်။

"ရပါပြီ ဦး။ ဆားလေးနဲ့ သောက်မလား။ သကြားလေးနဲ့ သောက်မလား ကြိုက်တာပြောပါနော်"

အဘိုးဟုခေါ်သင့်သော်လည်း မီးမီးလေးက "ဦး" ဟုပင်ခေါ်လိုက်သည်။ အပြန်စကားကလည်း ချက်ချင်းရောက်လာသည်။

ဆက်လက်ဖော်ပြပါမည်။

ခရီးသွားဆောင်းပါး

# မြို့ပုသိမ်မှ ခရီးတစ်ထောက်ကျောင်းကုန်းရောက်

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းက ငရုတ်ကောင်းမြို့နယ်ခွဲအပါအဝင် သာယာလှပတဲ့ ဂေါ်ရန်ဂျီကျွန်းမှာ လေ့လာလည်ပတ်ခဲ့ပြီး မောင်နှမတွေ ပြန်လာနေကြပါပြီ။ ဂေါ်ရန်ဂျီကျွန်းကနေ ငရုတ်ကောင်းမြို့ထိ ကားကို မိနစ်အနည်းငယ်လောက်သာမောင်းလာခဲ့ရပြီး ငရုတ်ကောင်းမြို့ကို ရောက်တာနဲ့ မနက်စာစားကြတယ်။ စားသောက်ပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာတဲ့အချိန်က မနက် ၈ နာရီသာရှိနေပါသေးတယ်။ မိမိတို့ရဲ့ ခရီးစဉ်က ဒီနေ့ရန်ကုန်မြို့ရှိရာကို အချိန်မီရောက်အောင်မောင်းနှင်ရမှာဖြစ်သလို ရန်ကုန်ကို ရောက် တစ်ညတာညအိပ်ရပ်နားပြီးတာနဲ့ နောက်တစ်နေ့မနက်မှာ ပြင်ဦးလွင်မြို့ကို ပြန်ကြတော့မှာပါ။

ငရုတ်ကောင်းမြို့ကနေ ထွက်လာပြီး မကြာခင် လူသူကင်းမဲ့နေတဲ့လမ်းပေါ်မှာ မိမိတို့ကားတစ်စီးတည်းမောင်းနှင်နေရတယ်။ ဒီလမ်းကို ဒုတိယမြောက်အပြန်ခရီးအဖြစ် မောင်းနေရတာဖြစ်လို့ ကြောက်စိတ်တွေ၊ စိုးရိမ်စိတ်တွေတော့ မရှိတော့ပါဘူး။ ဒါပေမဲ့ ဒေသခံတွေရဲ့ ပြောပြထားချက်အရ အချို့နေရာတွေမှာ တောဆင်ရိုင်းတွေ၊ တောကောင်ငယ်လေးတွေ ရှိနေသေးတယ်ဆိုတာကြောင့် သတိထားပြီး မောင်းနေရတယ်။ တောင်တက်တောင်ဆင်း၊ အချိုးအကွေ့နေရာတွေ၊ တောတောင်ထူထပ်တဲ့နေရာတွေမှာ ပိုပြီးသတိထားနေရတယ်။ လမ်းရဲ့အခြေအနေက တစ်ဆက်တစ်စပ်တည်းကောင်းမွန်နေတာမဟုတ်ပေမဲ့ အရင်တစ်ခေါက်နဲ့ နှိုင်းစာရင် ပိုမိုတိုးတက်ကောင်းမွန်နေလို့ စိတ်ချမ်းသာနေရတယ်။ ဒီလမ်းကို ခေတ်မီအဆင့်မြင့်ကောင်းမွန်တဲ့ လမ်းချောကြီးအဖြစ် အမြန်ဆုံးမြင်တွေ့ချင်နေမိပါတယ်။ ဒီလိုမောင်းလာရင်းနဲ့ မနက် ၉ နာရီ ကျော်မှာ ငရုတ်ကောင်းတောင်ရွာကို ရောက်လာခဲ့ကြတယ်။

ဂေါ်ရန်ဂျီကျွန်းကို အသွားခရီးတုန်းက ငရုတ်ကောင်းတောင်မှာ ကားဆီဖြည့်ရင်း လိုအပ်တဲ့ စားသောက်စရာတွေ ဝယ်ယူခဲ့ကြရပေမဲ့ အခု အပြန်ခရီးမှာ ကားဆီဖြည့်တာကအစ ဘာမှမလိုအပ်တာကြောင့် ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ပုသိမ်– မော်တင်စွန်းလမ်းမကြီးပေါ်ရောက်ရှိလာပြီဖြစ်လို့ လမ်းရဲ့အခြေအနေက ပိုမိုကောင်းမွန်လာသလို ကားမောင်းရတာလဲ ပိုမိုမြန်ဆန်လာတယ်။ ဒါပေမဲ့ အခု အပြန်ခရီးမှာ ဘယ်နေရာမှ ဝင်စရာမရှိ၊ ဘယ်မှလဲ မသွားကြတော့ဘဲ ရန်ကုန်မြို့ကို တိုက်ရိုက်သွားရောက်ကြမှာဖြစ်တာကြောင့် စိတ်အေးလက်အေးနဲ့ မောင်းလာခဲ့ရတယ်။ လမ်းတစ်လျှောက်မြင်ကွင်းတွေက အလာခရီးစဉ်တုန်းကအတိုင်း အပြောင်းအလဲမရှိအားလုံးပုံမှန်ပါ။ တောတွေတောင်တွေ၊ ရော်ဘာခြံကြီးတွေ၊ ရွာငယ်လေးတွေသာရှိနေကြတယ်။ မော်တင်စွန်းဘုရားပွဲတော်ကာလဖြစ်နေလို့ ဂေါ်ရန်ဂျီကျွန်းလမ်းမှာ ဘုရားဖူးဧည့်သည်ကားတချို့ကို တွေ့ရတယ်။ ပွဲတော်ကို လာရောက်ကြတဲ့ ဘုရားဖူးကားတွေထဲမှာ သီချင်းတွေဖွင့်၊ သီချင်းတွေဆိုနဲ့ ပျော်ပျော်ပါးပါး ဆူဆူညံညံတွေကို တွေ့မြင်နေရပေမဲ့ မိမိတို့မောင်နှမတွေကတော့ အပြန်ခရီးဖြစ်နေတာကြောင့် တိတ်တိတ်ဆိတ်ဆိတ်နဲ့ အိပ်သူကအိပ်၊ ငေးသူကငေးနဲ့ လိုက်ပါလာခဲ့ကြတယ်။

ပုသိမ်– မော်တင်စွန်းလမ်းပေါ်က အဓိကရွာကြီးတစ်ရွာဖြစ်တဲ့ မဏ္ဍပ်ရွာကိုရောက်တော့ မနက် ၁၀ နာရီ မိနစ် ၃၀ ရှိနေပါပြီ။ ဒီလမ်းပေါ်မှာတော့ ဒီရွာကြီးက ဈေးဆိုင်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေနဲ့စည်ကားတဲ့ တစ်ခုတည်းသော စခန်းနေရာကြီးပါ။ ငရုတ်ကောင်းတောင်မှာ စားသောက်ဆိုင်တန်းတွေရှိနေပေမဲ့ မဏ္ဍပ်ရွာလောက် စည်ကားမှုရှိမနေပါဘူး။ မဏ္ဍပ်ရွာကတော့ ခရီးသွားဧည့်သည်ကားတွေ မဖြစ်မနေ ရပ်နားစားသောက်ကြတဲ့ စခန်းရွာကြီးတစ်ခုဖြစ်နေတယ်။ အရင်တုန်းက ဒီရွာရှိ၊ ဒီဆိုင်တွေမှာ ထူးထူးခြားခြား သားကောင်သားတွေ ရရှိစားသောက်နိုင်တာကြောင့် အခုလဲ ရလိုရငြား၊ ရှိလိုရှိငြား သွားရောက်စုံစမ်းမေးမြန်းပေမဲ့ ဘယ်ဆိုင်မှာမှမရတော့တာကြောင့် နေ့လယ်စာထမင်းမစားကြတော့ဘဲ ပုသိမ်မြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ တကယ်လို့ အရင်တုန်းကရခဲ့တဲ့ တောဝက်၊ ချေ(ဂျီ)၊ ယုန်၊ တောင်ဆိတ်စတဲ့ တောကောင်သားတွေရတယ်ဆိုရင်တော့ နေ့လယ်စာထမင်းစားဖြစ်ခဲ့မှာပါ။

မဏ္ဍပ်ရွာကနေ ပုသိမ်မြို့ကိုရောက်ဖို့နောက်ထပ်ခရီးမိုင် ၃၀ ကျော်သာကျန်နေပါတော့တယ်။ ဒါပေမဲ့ ဒီခရီးလမ်းပိုင်းက အတက်အဆင်း၊ အကွေ့အကောက် ပိုမိုမက်စောက်ကြမ်းတမ်းပါတယ်။ ဒ့ါပြင် အခုမောင်းနေရတဲ့လမ်းက ကျဉ်းမြောင်းပြီး ချိုင့်တွေ၊ ခွက်တွေ၊ လှိုင်းတွေရှိနေတာကြောင့် သတိထားပြီး ဖြည်းဖြည်းမှန်မှန်မောင်းနေရတယ်။ လမ်းဘေးတစ်လျှောက်မှာ ရွာစဉ်ရွာတန်းတွေ၊ ရော်ဘာခြံကြီးတွေ၊ စိုက်ပျိုးခင်းတွေ များပြားလာတယ်။ ကျေးရွာတွေ များပြားလာတဲ့အပြင် ပုသိမ်မြို့နဲ့ ပိုမိုနီးကပ်လာလို့လဲ လမ်းပေါ်မှာ အသွားအလာတွေ စည်ကားစပြုလာတယ်။ အထူးသဖြင့် ဒေသခံတွေရဲ့ ဆိုင်ကယ်တွေပါ။ ငွေဆောင်၊ ချောင်းသာလမ်းဆုံကို ရောက်ရှိလာတာနဲ့ ခရီးသွားကားတွေကို အဆက်မပြတ်ဆိုသလို တွေ့မြင်လာရတယ်။ မော်တင်စွန်းနဲ့ ဟိုင်းကြီးကျွန်းကို သွားလာကြတာထက် ငွေဆောင်ကမ်းခြေနဲ့ ချောင်းသာကမ်းခြေတွေရှိရာကို သွားကြတဲ့သူပိုများပါတယ်။




ငွေဆောင်နဲ့ ချောင်းသာလမ်းဆုံကို ဖြတ်သန်းမောင်းလာခဲ့ပြီး မကြာခင်မှာ ပုသိမ်မြို့ကို ရောက်လာကြတယ်။ အချိန်က မွန်းတည့် ၁၂ နာရီထိုးတော့မှာပါ။ ဒါကြောင့် နေ့လယ်စာထမင်းစားသောက်ကြဖို့အတွက် အသွားခရီးစဉ်တုန်းက စားခဲ့တဲ့ဆိုင်ကြီးတစ်ဆိုင်ရှိရာကို ဦးတည်မောင်းနှင်လာခဲ့လိုက်တယ်။ ထမင်းဆိုင်ကြီးက ပုသိမ်မြို့ရဲ့ အဓိကလမ်းမကြီးအနီးမှာလဲဖြစ်၊ ခရီးသွားဧည့်သည်ကားတွေ အလွယ်တကူ ဝင်ရောက်စားသောက်နိုင်တဲ့ ဆိုင်ကြီးတစ်ဆိုင်လဲဖြစ်၊ ကျယ်လဲကျယ်၊ ဟင်းတွေလဲ စုံစုံလင်လင်ရရှိနေတယ်။ ဒါပေမဲ့ ဆိုင်ရှိရာကို ဝင်ရောက်သွားတဲ့အချိန်မှာ ဆိုင်ရဲ့ရှေ့၊ ဘေးဝန်းကျင်မှာ ကားတွေ ပြည့်နေပြီဖြစ်လို့ ကားရပ်စရာနေရာတစ်နေရာကို ခက်ခက်ခဲခဲရှာဖွေရပ်နားထားခဲ့ရသလို ဆိုင်အတွင်းကို ဝင်ရောက်သွားကြတဲ့အခါမှာလဲ စားပွဲအလွတ်မရှိ၊ စားသောက်နေကြသူတွေနဲ့ ပြည့်နေတာကြောင့် ခေတ္တစောင့်ဆိုင်းနေကြရတယ်။ စားပွဲထိုးလေးတွေရဲ့ ပျာပျာသလဲ တောင်းပန်မှုတွေနဲ့အတူ စားပွဲတစ်လုံးကို နေရာရကြပြီးမှာ ဟင်းတွေကို မှာယူစားသောက်ကြရတယ်။

ဒီထမင်းဆိုင်မှာ အသွားခရီးစဉ်တုန်းက လူရှင်းပြီး အေးအေးဆေးဆေးဖြစ်ခဲ့သလောက် အခုအပြန်ခရီးမှာ စားသောက်သူတွေနဲ့ ပြည့်နှက်နေတယ်။ ဟင်းတွေမှာယူကြရတဲ့အခါမှာလဲ အသွားခရီးတုန်းကလို စားပွဲမှာထိုင်၊ စားပွဲထိုးလေးတွေကို ပြောဆိုမှာလိုက်ရုံနဲ့ မရတော့ဘဲ လူကိုယ်တိုင်သွားရောက်မှာယူနေကြရတယ်။ စားသုံးသူတွေ အလွန်များပြားနေတာကြောင့် အခုလိုဖြစ်နေရတာပါ။ ဒီလို စားသုံးသူတွေ၊ ခရီးသွားဧည့်သည်တွေ အလွန်များပြားနေလို့လဲ မော်တင်စွန်းဘုရားပွဲတော်နဲ့ ငွေဆောင်၊ ချောင်းသာကမ်းခြေတွေမှာ အရင်ရက်တွေကထက် ပိုမိုစည်ကားတော့မှာဖြစ်ကြောင်း ခန့်မှန်းမိလိုက်တယ်။

မိမိတို့မောင်နှမတွေက ပင်လယ်ကမ်းခြေမှာ လေးငါးရက်လောက် နေထိုင်ခဲ့ပြီး နေ့စဉ်နဲ့အမျှ ပင်လယ်စာဟင်းတွေကို စားသောက်နေကြပေမဲ့ အခုဟင်းပွဲတွေ မှာယူကြတဲ့အခါမှာလဲ ငါးတွေ၊ ပုစွန်တွေက ပိုမိုများပြားနေတယ်။ မိမိကိုယ်တိုင်ကလဲ ငါးသလောက်ပေါင်းဟင်းကို မှာယူစားသောက်ခဲ့တာပါ။ အရင်ရက်တုန်းက စားသောက်ခဲ့ပြီး ငါးသလောက်ပေါင်းအရိုးတောင်းယူတာကို သတိထားမိနေတဲ့ စားပွဲထိုးလေးတစ်ယောက်က မိမိအတွက် ငါးသလောက်ပေါင်းအရိုးတွေ လာရောက်ချပေးလို့ ကျေးဇူးတင်လိုက်ရသေးတယ်။ ငါးသလောက်ပေါင်းစားရင် အသားတွေကို စားရတာထက် နူးအိနေတဲ့အရိုးတွေကို မိမိက ပိုမိုကြိုက်နှစ်သက်နေလို့ပါ။

ထမင်းစားသောက်ပြီးတဲ့အခါ နာရီကြည့်လိုက်တော့ မွန်းလွဲ ၁ နာရီမထိုးသေးပါဘူး။ ဒီအတိုင်းဆိုရင် ရန်ကုန်မြို့ကို စောစောရောက်ရှိပြီး အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း စတဲ့လမ်းတွေမှာ ရောင်းချနေတဲ့ ဆိုင်ကြီး၊ ဆိုင်သေး အားလုံးကို လမ်းလျှောက်ရင်း၊ ကြည့်ရှုလေ့လာရင်း၊ ဝယ်စရာရှိတာတွေကို ဝယ်ယူချိန်ရရှိနေပါသေးတယ်။ ဒီလမ်း၊ ဒီဈေးတန်းနေရာတွေကိုကြည့်ရှုလေ့လာလည်ပတ်ကြမယ်ဆိုပြီး ငွေဆောင်နဲ့ချောင်းသာကမ်းခြေခရီးစဉ်တိုင်းမှာ စဉ်းစားရည်ရွယ်ထားခဲ့ပေမဲ့ ရန်ကုန်မြို့ကို အဝင်နောက်ကျနေတာကြောင့် မအောင်မြင်ခဲ့သေးပါဘူး။ ဒီတစ်ခေါက် ခရီးစဉ်မှာတော့ လေ့လာလည်ပတ်လမ်းလျှောက်ဖြစ်ကြတော့မှာပါ။ ပုသိမ်မြို့ကနေ မွန်းလွဲ ၁ နာရီမှာ စတင်မောင်းနှင်ထွက်ခွာလာရင် ညနေ ၄ နာရီမထိုးခင် ရန်ကုန်ရောက်ရှိနိုင်ပါတယ်။

ဒါပေမဲ့ ထမင်းစားသောက်အပြီး ဆိုင်ကနေစတင်မောင်းနှင်ထွက်လာခဲ့အခါ ကားကလီဗာနင်းမရတော့ဘဲ တစ်လိုမ့်ချင်းသာ လိမ့်နေတော့တယ်။ တတ်သလောက်မှတ်သလောက်ပြင်ကြည့်တော့လဲ မရတာနဲ့ နီးစပ်တဲ့ ကားပြင်ဆိုင်ရှိရာကို တဖြည်းဖြည်းချင်း ရောက်အောင်မောင်းလာခဲ့ရတယ်။ ကားရဲ့အရှိန်က ကီလိုမီတာ ၂၀ လောက်သာ ရှိနေတယ်။ ကားစက်နိုးနေပြီး လီဗာတင်လို့မရတာပါ။ လီဗာကို ဘယ်လောက်ပဲဖိနင်းနင်း ကားရဲ့အရှိန်က တက်မလာပါဘူး။ ကားပြင်ဆိုင်ကိုရောက်တဲ့အခါ ထမင်းစားနားချိန်ဖြစ်နေလို့ အချိန်ကြာကြာစောင့်ရအုံးမယ်ဆိုတာကြောင့် နီးစပ်တဲ့ နောက်ထပ်တစ်ဆိုင်ကို သွားကြရပြန်တယ်။ အဲဒီလို နောက်ထပ်ဆိုင်တစ်ဆိုင်ကို သွားပြန်တော့လဲ အဆင်မပြေတာကြောင့် မောင်းလို့ရနေတဲ့ ကီလိုမီတာလေးနဲ့ပဲ ရှေ့ဆက်မောင်းနှင်လာခဲ့ရတယ်။ ကားကိုအဆင်ပြေအောင် ဘယ်လိုလုပ်ရမလဲဆိုပြီး စဉ်းစားမောင်းလာရင်းနဲ့ ဘယ်လိုမှလုပ်လို့မရရင်တော့ ရန်ကုန်မြို့မှာ ညအိပ်ရပ်နားခြင်းမပြုတော့ဘဲ ပြင်ဦးလွင်ထိ တစ်ညလုံးမောင်းသွားတော့မယ်လို့ စိတ်ကူးလိုက်မိတယ်။

ပုသိမ်မြို့ကို ကျော်လွန်လာခဲ့ပြီး လမ်းမှာတွေ့တဲ့ ကားပြင်ဆိုင်နှစ်ဆိုင်လောက်ထိ ဝင်ရောက်ပြသပြင်ဆင်တဲ့အခါမှာလဲ ထူးခြားမှုရှိမလာပါဘူး။ ဒီလိုနဲ့ ကျောင်းကုန်းမြို့နားကို နီးကပ်လာခဲ့ပြီး ခရီးမိုင် ၃၀ ကျော်ကိုလဲ မောင်းနှင်လာခဲ့ပြီးပါပြီ။ အချိန်က ညနေ ၄ နာရီထိုးတော့မှာပါ။ ကားရဲ့အခြေအနေက တစ်နာရီကို ၁၀ မိုင်နှုန်းလောက်သာ ခရီးပေါက်နေပါတယ်။ ကျောင်းကုန်းမြို့အဝင်နားကို ရောက်တော့ ကားပြင်ဆိုင်တစ်ဆိုင်ကိုတွေ့တာနဲ့ ရလိုရငြား ဝင်ရောက်ပြသကြည့်လိုက်တယ်။ ဒါပေမဲ့ အဲဒီဆိုင်က ကားအင်ဂျင်နဲ့ စက်ပိုင်းဆိုင်ရာတွေကို ပြင်တဲ့ဆိုင်မဟုတ်ဘဲ ကားဘော်ဒီ(ကိုယ်ထည်) ပြင်တဲ့ဆိုင်ဖြစ်နေတယ်။ ကားဘော်ဒီဆိုင်ဖြစ်နေတာကြောင့် မိမိတို့က စိတ်ပျက်သွားကြပေမဲ့ ဆိုင်ရှင်က ဘာမှမပူနဲ့ ဒီနားမှာ ကားပြင်ဆိုင်ရှိတယ်၊ စက်ပြင်ဆရာကို ဖုန်းဆက်ခေါ်ပေးမယ်ဆိုပြီး ဖုန်းနဲ့ဆက်သွယ်ခေါ်ဆိုပေးပါတယ်။ မကြာခင်မှာ စက်ပြင်ဆရာရောက်လာပြီး ကားကို သေသေချာချာ စစ်ဆေးကြည့်ရှုရင်း ဒီမှာဝိုင်ယာကြိုးတစ်ချောင်း ပြတ်နေတယ်၊ ဒါကို ဆက်လိုက်ရင်ရပြီဆိုပြီး ပြတ်နေတဲ့ဝိုင်ယာကြိုးကို ပြန်ဆက်လိုက်တဲ့အခါ ကားက အရင်အတိုင်းကောင်းသွားတော့တယ်။ ပုသိမ်မြို့မှာကတည်းက တစ်ဆိုင်ပြီးတစ်ဆိုင်ဝင်ရောက်ပြင်ဆင်လာခဲ့ကြတာ အဆင်မပြေခဲ့ဘဲ အခု ကျောင်းကုန်းမြို့အဝင်ရောက်မှ အဆင်ပြေခဲ့ရတယ်။ ကားကို ပုံမှန်အတိုင်း မောင်းနှင်သွားပြီး ရှေ့ခရီးကို ဆက်နိုင်ကြပါပြီ။

အခုလို ကားချို့ယွင်းသွားတဲ့အတွက် လမ်းခရီးမှာ ၃ နာရီလောက် အချိန်ကြာခဲ့သလို ရန်ကုန်မြို့ကိုလဲ အဝင်နောက်ကျသွားမှာပါ။ ဒါပေမဲ့ မိုင် ၃၀ ကျော်လောက်ခရီးကို လီဗာနင်းမရဘဲမောင်းလာခဲ့ရတာကြောင့် ဆီအကုန်အကျ အလွန်သက်သာသွားခဲ့ရတယ်။ ပုသိမ်မြို့ကနေ ထွက်ခွာလာပြီး ကျောင်းကုန်းမြို့ရောက်တဲ့ထိ ဆီမကုန်ခဲ့ပါဘူး။ မိမိတို့လေ့လာလည်ပတ်ဖို့ စီစဉ်ထားခဲ့တဲ့ မဟာဗန္ဓုလလမ်းနဲ့ အနော်ရထာလမ်းတွေကိုတော့ ထပ်မံလွှဲချော်သွားတော့မှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပုသိမ်မြို့မှာ ကားပျက်ကတည်းက ကျွန်တော်တို့တစ်ဖွဲ့လုံး စိုးရိမ်ပူပန်စိတ်တွေဖြစ်ခဲ့ရာကနေ အခု ကျောင်းကုန်းမြို့အရောက်မှာ ကားပြန်ကောင်းသွားတဲ့အတွက် ဝမ်းသာပျော်ရွှင်သွားကြရတယ်။ ကျောင်းကုန်းမြို့မှာ ခရီးတစ်ထောက်နားပြီးကြတာနဲ့ ရန်ကုန်မြို့ရှိရာကို ဆက်လက်ထွက်ခွာကြပါတော့မယ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၂၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၂၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၉၄၉ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၂၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေ၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၁၆**


မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လက်ပံကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လက်ပံကုန်းမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

## စာပေမြင့်မှ လူမျိုးတင့်မည်









## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကွင်းအမှတ်(၆၁၆)၊ ငယ်တိုးကွင်း၊ မြေကွက်အမှတ်(၃၀၅/၈၃၉)၊ ဧရိယာ(၀.၃၇)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝန်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဦးအောင်သန်းဦး(၁၃/နမတ(နိုင်)၀၀၀၁၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၂၁)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွန်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၄၉)**
မှန်တန်းရပ်၊ နယ်မြေ(၁)၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၄၅၉၄၇၄၇၄

## အမည်ပြောင်း

အမရပူရမြို့နယ်၊ ချောင်းခွကျေးရွာ အမက၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေထက်လင်း၏သား မောင်ဖိုးလပြည့်အား **မောင်ရဲရင့်လင်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရဲရင့်လင်း**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကောမားလ်** ဖြစ်ပါကြောင်း။ **ဦးကောမားလ်(၉/မကန(နိုင်)၀၈၄၄၅၂)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်နေ မခင်မိုးအေး (ဘ) ဦးလှစိုး(၉/အမရ(နိုင်)၁၃၆၀၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-6096082)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-941750862**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(ခွဲ)-၂ Grade-9 တွင် ပညာသင်ကြားနေသော မအေးမို့မို့ထက်၏ဖခင်အမည်မှန်မှာ **ဦးဇော်ထက်အောင်** ဖြစ်ပါကြောင်း။

**ဦးဇော်ထက်အောင်(၉/မတရ(နိုင်)၁၆၆၈၉၇)**

## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ နယ်မြေ(၄)နေ ကိုမင်းလတ် (ဘ) ဦးသန်းရှန်(၁/မကန(နိုင်)၁၇၈၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-890651838**

## ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ ရပ်ကွက်(၃)နေ လီဟိုက်လွန် (ဘ) လီကျားချန်(၁၃/လကန(နိုင်)၀၀၅၉၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-671755)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-669876666**

## အဖိုးတန်ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသိဒ္ဓိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ကွန်မြူနစ်ပါတီ၏ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွန်းကျန်း ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တရုတ်ကွန်မြူနစ်ပါတီ၏ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွန်းကျန်း ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

ညင်ချီ ဇူလိုင် ၁၆

ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီခေါ် လင်ကျစ်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် တရုတ်ကွန်မြူနစ်ပါတီ၏ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာဝမ်ကျွန်းကျန်း ဦးဆောင်သောအဖွဲ့ကို ယနေ့ညနေပိုင်းတွင် အဆိုပါမြို့ရှိ Nyingchi Rui Crown Hotel ၌ လက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊

စာမျက်နှာ ၁၇ ကော်လံ ၂ ☆


## ၇၉ နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက် (တနင်္ဂနွေနေ့) ၇၉ နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ထန်တလန်မြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်မှုပြမြေပုံ။




နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသများ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာငွေများနှင့် အရင်းအမြစ်များစွာသုံးစွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် CNF၊ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ချင်းပြည်နယ်အတွင်းရှိမြို့ရွာများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့်

စာမျက်နှာ ၂၆ ကော်လံ ၁ ■



## ရေနံချောင်းမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကျောင်းသား၊ ကျောင်းသူ ၂၄၄၉ ဦးအတွက် ဆောင်ရွက်ပေးပြီးဖြစ်

ရေနံချောင်း ဇူလိုင် ၁၆

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(လည်ပေါ်)ရှိ

စာမျက်နှာ ၂၅ ကော်လံ ၃ ●

## ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၆

၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၇ နာရီ မိနစ် ၄၀ မှ စတင်ပြီး MRTV HD Channel၊ MRTV News Channel၊ MRTV Parliament Channel၊ MRTV NRC Channel၊ MITV၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့်Readers' Channel၊ Sky Net Up to Date Chan–nel၊ Channel 9၊ Channel K၊ Hey Play Sports Channel၊ M Channel၊ UNI TV၊ Shwe Nadi Shwe Yi Entertainment Channel နှင့် Channel 24 တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေFM၊ ပတ္တမြားFM၊ ပဉ္စဝတီFM၊ မန္တလေးFM၊ ချယ်ရီFM၊ FMပုဂံ၊ သဇင်FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV App နှင့် Onlineတို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## အင်္ဂလန်အသင်းကို အနိုင်ရရှိပြီး အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက် တက်ရောက်



ဝါရှင်တန် ဇူလိုင် ၁၆

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းနှင့် အင်္ဂလန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက နောက်ကျသွင်းဂိုးများနှင့်အတူ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့

စာမျက်နှာ ၂၅ ကော်လံ ၃ ❖

ရွှေကူကျိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေ အဆောက်အအုံ ၇၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ် စာမျက်နှာ - ၂၇